မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၅)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ အင်္ဂါနေ့။

ပြည်သူ့သဘောထား

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ကျိုင်းတုံမြို့ တောင်ပေါ်အပန်းဖြေစခန်းလေ့လာ

စာမျက်နှာ ➢ ၃

မြန်မာ့မီးရထားမှ တွဲဆိုင်းသစ် နှစ်ဆိုင်း ရန်ကုန်မြို့ပတ်လိုင်းတွင် အားဖြည့်ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဋ္ဌေးသည် အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးဘူတာကြီးသို့ သွားရောက်ပြီး ခရီးသည်များ ခရီးသွားလာနေမှု၊ လက်မှတ်ရောင်းချဝယ်ယူနေမှုများကို ကြည့်ရှုကာ ခရီးသွားပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ၊ အကြံပြုလိုသည်များကို မေးမြန်းကာ ဘူတာကြီးအပေါ်ထပ်၌ တင်ဒါစနစ်ဖြင့် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားမှုကိုစစ်ဆေး၍ လုံခြုံရေးအထူးဂရုစိုက်ရန်၊ ဘူတာအမြဲသန့်ရှင်းသပ်ရပ်ပြီး ဥပမိရပ်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒီဇယ်စက်ခေါင်းစက်ရုံ (မန္တလေး)၌ စက်ခေါင်းများ ဆီဖြည့်ခြင်း၊ စက်စစ်ဆေးခြင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ သွားရောက်ရာ အထွေထွေမန်နေဂျာ/စက်ရုံ(မြစ်ငယ်)က လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ မြို့ပတ်လိုင်းတွင် အားဖြည့်ပြေးဆွဲမည့် ရထားတွဲဆိုင်းသစ်နှစ်ဆိုင်း အမြန်ဆုံးပြီးစီးအောင် တည်ဆောက်သွားရန်၊ နိုဝင်ဘာလအတွင်း ရထားတွဲဆိုင်းသစ် တစ်စင်းထပ်မံ ပြေးဆွဲနိုင်ရေးဆောင်ရွက်ရန်၊ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းတွဲဆိုင်းများ ထပ်မံဖြည့်တင်းအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်၊ တွဲသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရေအတွက်ပြည့်မီအောင် တည်ဆောက်ပြုပြင်သွားရန် မှာကြားကာ စက်ရုံအတွင်း တွဲသစ်တည်ဆောက်နေမှု တွဲဆိုင်းများနှင့် အဆင့်မြင့်တွဲဆိုင်းများကို စစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(တိုင်းဒေသကြီးရုံး)၌ အရာထမ်းများအား တွေ့ဆုံ၍ ပြည်သူလူထုအား ထိရောက်သော ဝန်ဆောင်မှုပေးရန်၊ မသမာမှု၊ *စာမျက်နှာ ၃ ကော်လံ ၁* ❐

စက်မှုနိုင်ငံ ထူထောင်ရာတွင် လျှပ်စစ်ကျွမ်းကျင် လုပ်သားများလိုအပ်

သတင်း - ဝေယံဦး

ရန်ကုန် အောက်တိုဘာ ၁၄

စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် လျှပ်စစ်ကဏ္ဍသည် အရေးကြီးသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်မြင့်မားလာသည်နှင့်အညီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းရန်လိုအပ်လာသည်။ ထိုသို့ တိုးတက်လာမည့် လျှပ်စစ်ကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် လျှပ်စစ်ကျွမ်းကျင်လုပ်သားများလိုအပ်လာမည်ဖြစ်ရာ *စာမျက်နှာ ၃ ကော်လံ ၅* ●

ရန်ကုန်လေဆိပ်သို့ နှစ်ဆန်းမှ စက်တင်ဘာလကုန်အထိ ဝင်ရောက်သူ ခရီးသွားငါးသိန်းနီးပါးရှိရာ ထိုင်းနိုင်ငံသား ခရီးသွားအများဆုံးဖြစ်

သွန်း ၀ သန်

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ခရီးသွားဝင်ရောက်မှု စာရင်းဇယားများအရ အာဆီယံဒေသတွင်းနိုင်ငံများမှ နိုင်ငံခြားသားခရီးသွားများ အများဆုံးဝင်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံသားများအနေဖြင့် လူဦးရေခုနစ်သောင်းခွဲနီးပါး ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရှိရသည်။

အများဆုံးဝင်ရောက်

“အများဆုံးလာတဲ့နိုင်ငံတွေအနေနဲ့ကတော့ ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်တို့ဖြစ်ပါတယ်။ အဲဒီအထဲမှာမှ ထိုင်းနိုင်ငံသားခရီးသွားတွေ အများဆုံး ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်” ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ *စာမျက်နှာ ၇ ကော်လံ ၄* ▲

ယနေ့ မာတိကာ

- အီတလီနိုင်ငံ၌ စီးပွားရေး အကျပ်အတည်း ဖြေရှင်းရန် သမိုင်းအမွေအနှစ် နေရာ ၅၀ ကျော်ကို ရောင်းမည် စာ - ၄
- အမြင်ရှိသူဝယ် အလွယ်သာ *ဆောင်းပါး* စာ - ၆
- ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သက်ကြီးသူများ အကူအညီရယူရန် စစ်တမ်းတစ်ရပ်ထုတ်ပြန် စာ - ၁၁
- ဥရုဂွေးတို့ အသက်ရှူမှား စေမယ့် အာဂျင်တီးနား စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူနှင့်မှု

ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ စနစ်၊ ကြေညာချက်၊ ထုတ်ပြန်ချက် အစရှိသည်တို့သည် လူတိုင်း သိရှိလိုက်နာကျင့်သုံးရန်မှုများပင်ဖြစ်သည်။ ယင်းမှုများတွင် သိရှိရန်ရှိသည်။ လိုက်နာရန်ရှိသည်။ ကျင့်သုံးရန်ရှိသည်။ ချမှတ်ထားသော ဥပဒေ စည်းမျဉ်း စည်းကမ်းတို့ကို လေးစားရမည်။ လိုက်နာရမည်ဖြစ်သည်။ စနစ်၊ ကြေညာချက်တို့ကိုလည်း သိရှိကျင့်သုံးကြရမည်ဖြစ်သည်။ သို့မှသာ လူနှင့်မှုသည် အံဝင်ခွင်ကျရှိပြီး တိုးတက်နိုင်ပါသည်။

သို့ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ စနစ်နှင့်ကြေညာချက်များ သက်ဆိုင်ရာဌာနအသီးသီးက ထုတ်ပြန်ထားသော်လည်း လိုက်နာမှုမရှိပါက လူတခြား၊ မှုတခြားဖြစ်နေပေလိမ့်မည်။ လူနှင့်မှုသည် တွဲ၍ရှိနေရမည်ဖြစ်ပါသည်။ လူနှင့်မှု တခြားစီဖြစ်နေသမျှကာလပတ်လုံး ကျွန်ုပ်တို့လှမ်းနေသော ခြေလှမ်းများသည် ရှေ့သို့ရောက်လိမ့်မည် မဟုတ်ပါ။

ယခုအခါ ရန်ကုန်မြို့တွင် မော်တော်ယာဉ်များ ယာဉ်ကြောကျပ်မှု လျှော့ပါးသက်သာစေရန် ဘတ်စ်ကားများအတွက် “ရပ်-တင်-ချ”စနစ်ကို သက်ဆိုင်ရာက ထုတ်ပြန်ထားပါသည်။ သို့သော် လိုက်နာမှုအားနည်း၍ ဒုံရင်းဒုံရင်းသာ ဖြစ်နေသည်ဟုဆိုပါသည်။ “ကားတွေက မှတ်တိုင်တွေမှာ အကြာကြီးရပ်တော့ ခရီးသည်အတွက် အချိန်တွေကြာတယ်၊ လမ်းတွေပေါ်မှာ ကားတွေက ထပ်နေတယ်၊ ကားတွေက မှတ်တိုင်ရှေ့မှာ မထွက်နိုင်တော့ ယာဉ်ကြောကပိတ်တာပေါ့”ဟု မထသဗဟိုဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားကြောင်း သတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသည်။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် သက်ဆိုင်ရာက မှုတည်းဟူသော “ရပ်-တင်-ချ”စနစ်ကို ထုတ်ပြန်ထားသော်လည်း အကျိုးဝင်သူ ယာဉ်မောင်းများလိုက်နာရန် ပျက်ကွက်နေသည်ကို တွေ့ရပါသည်။ ဤစနစ်သည် လိုက်နာနိုင်မည်ဆိုလျှင် ယာဉ်ကြောကျပ်မှု ပြဿနာကို အထိုက်အလျောက် ဖြေရှင်းနိုင်မည့်အပြင် ခရီးသည်များ သွားလာမှုအဆင်ပြေကြမည် ဖြစ်ပါသည်။ တစ်ဖက်ကလည်း ယာဉ်မောင်းများအနေဖြင့် မြန်မြန်မောင်း၊ ခေါက်ရေများများဆွဲခြင်းကြောင့်လည်း ဝင်ငွေရရှိမှု လျော့ကျမသွားနိုင်ပါ။ ပုံမှန်ဝင်ငွေကို ရရှိနိုင်မည်ဖြစ်ပါသည်။

အလားတူ မှုများ ကျွန်ုပ်တို့နိုင်ငံတွင် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် အချို့လိုက်နာမှု အားနည်းနေဆဲဖြစ်ပါသည်။ မှုမည်မျှပင် ကောင်းစေကာမူ လူမကောင်းလျှင် အကျိုးမရှိနိုင်ပါ။ ရှေ့သို့ ခရီးပေါက်မြောက်နိုင်စွမ်း မရှိပါ။ တက်လှမ်းနေသော ခြေလှမ်းများ ရှေ့သို့ရောက်နိုင်မည်မဟုတ်ပါ။ တိုင်းပြည်နှင့် လူမျိုးအားလုံး ကောင်းအောင်လုပ်ကြမည်ဆိုလျှင် လူနှင့်မှု အံဝင်ခွင်ကျ ရှိရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော မှုဘောင်အတွင်းမှ လုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ သို့မှသာ လူနှင့်မှု ကိုက်ညီမှုရှိပြီး အမြန်ဆုံး တိုးတက်ကြီးပွားနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကမ္ဘာ့ရှားပါးသယံဇာတ စိမ်းပြာရေညှိထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ယုဇနဟိုတယ်၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတောင်အင်းရှိ ကမ္ဘာ့ရှားပါးသယံဇာတ သဘာဝ စပီရူလိုင်းနား Spirulina စိမ်းပြာရေညှိ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများ အမြောက်အမြားရှိသည့်အနက် ကမ္ဘာ့ရှားပါးသက်ရှိ သဘာဝသယံဇာတ တစ်မျိုးဖြစ်သည့် စပီရူလိုင်းနား စိမ်းပြာရေညှိများမှာ တွင်းတောင်အင်းမှ ထွက်ရှိမှု လျော့နည်းလာသည့်အတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ စပီရူလိုင်းနားသည် ကမ္ဘာပေါ်တွင် ပထမဆုံး စတင်ပေါ်ပေါက်လာသော သက်ရှိဖြစ်ပြီး လွန်ခဲ့သော နှစ်သန်းပေါင်း ၃၅၀၀ ခန့်၌ သမုဒ္ဒရာရေပြင်တွင် အယ်(လ်) ဂေါ်း (algae)များ စတင်ဖြစ်ပေါ်ခဲ့ရာ ယင်းအယ်(လ်)ဂေါ်း (algae)များတွင် တစ်ခုအပါအဝင်ဖြစ်သည့် စပီရူလိုင်းနားခေါ် စိမ်းပြာရေညှိသည် ယင်းကာလကတည်းကပင် စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် စပီရူလိုင်းနားကို မက္ကဆီကိုနိုင်ငံ၊ ချဒ်နိုင်ငံ၊ ကင်ညာနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၌သာ သဘာဝအလျောက် တွေ့ရှိရမှုဖြစ်ကြောင်း၊ စပီရူလိုင်းနားတွင် လူသားတို့ အသက်ရှင်ရပ်တည်နိုင်ရန် လိုအပ်သော အာဟာရဓာတ်များ အချိုးကျမျှတစွာ ပါဝင်လျက်ရှိကြောင်းနှင့် စားသုံးရန် သင့်လျော်သည့် သဘာဝအစားအစာ တစ်ခုဖြစ်ကြောင်း။

၁၉၈၈ ခုနှစ် ဇန်နဝါရီမှ စတင်၍ တွင်းတောင်အင်းမှ စိမ်းပြာရေညှိများ စတင်ဆယ်ယူထုတ်လုပ်ခဲ့ပြီး ၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် စပီရူလိုင်းနား ဆေးပြားများကို ပရိဗီမင်အမှတ်တံဆိပ်ဖြင့် ပြည်တွင်းဈေးကွက်၌ စတင်ဖြန့်ဖြူး ရောင်းချခဲ့ကြောင်း၊ ထို့အပြင် စပီရူလိုင်းနား ရေညှိခြောက်နှင့်အားဆေးများကို ဂျာမနီ၊ ကိုရီးယား၊ ဘယ်လ် ဂျီယံ၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှား စသည့် နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယခုအခါ စက်ရုံ၏ အဓိကအားထားရာ ကုန်ကြမ်းဖြစ်သော စိမ်းပြာရေညှိများမှာ တွင်းတောင်မှထွက်ရှိမှု လျော့နည်းလာရာ တက်ရောက်လာကြသော ပညာရှင်များမှ Spirulina စိမ်းပြာရေညှိများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မျိုးသုဉ်းမပျောက်ကွယ်စေရေး အကောင်းဆုံးနည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြပါရန် ဖိတ်ခေါ်ကြောင်း၊ ယခု ဆွေးနွေးအကြံပြုချက်များမှာ နိုင်ငံတော်၊ ဝန်ကြီးဌာန၊ စက်ရုံနှင့် သဘာဝကို ထိန်းသိမ်းစောင့်ရှောက်လိုသူများအတွက် အကျိုးများစွာရရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေး ဒုတိယဝန်ကြီး(အငြိမ်းစား) ဒေါက်တာမောင်ဒီနှင့် Forest Resource Enviroment Development & Conservation Association(FREDA) ဥက္ကဋ္ဌ ဦးအုန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဘူမိဗေဒပညာရှင် ဦးခင်မောင်ရီက တွင်းတောင်အင်းရေချိုစိမ့်ဝင်မှု အခြေအနေကိုလည်းကောင်း၊ အမှတ်(၃) ဆေးဝါးစက်ရုံ(စစ်ကိုင်း)မှ ဒုတိယ အထွေထွေမန်နေဂျာ ဒေါက်တာမေယုခိုင်က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတောင်အင်းရှိ ကမ္ဘာ့ရှားပါး သက်ရှိသယံဇာတ စပီရူလိုင်းနား စိမ်းပြာရေညှိ၏ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်မှု အခြေအနေပြောင်းလဲမှုဖြစ်စဉ်အားလည်းကောင်း၊ မြန်မာနိုင်ငံတွင် စပီရူလိုင်းနား စိမ်းပြာရေညှိကို ပထမဆုံးရှာဖွေတွေ့ရှိခဲ့သူ June Pharmaceutical Ltd. ၏ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမင်းသိန်းက ကမ္ဘာ့ရှားပါး သက်ရှိသယံဇာတ သဘာဝ မြန်မာ့ရတနာရွှေစိမ်းပြာနှင့် ကမ္ဘာကြီးအား အကျိုးပြုပုံကိုလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာ ဦးထွန်းလွင်က လည်းကောင်း၊ စာရေးဆရာမ ဂျူးက လည်းကောင်း၊ ပါမောက္ခများနှင့် ပညာရှင်အသီးသီးတို့က လည်းကောင်း စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မန်နေဂျာရုံးအဆောက်အအုံ ကွဲအက်ပြိုကျလုဆဲဆဲဖြစ်နေသဖြင့် ပြုပြင်ဖို့လို

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် မြစ်ဝကျွန်းပေါ် ရေလမ်းခရီးနှင့် ကုန်သွယ်မှုအများဆုံးဖြစ်ပြီး ကျေးလက်ဒေသနှင့် အခြားမြို့နယ်အသီးသီးမှ ရေလမ်းခရီးဖြင့် ရန်ကုန်မြို့သို့ ကုန်ပစ္စည်းပို့ဆောင်ရာတွင် ဧရာဝတီသဘော်ဆိပ်မှ ပြည်တွင်းရေကြောင်းပိုင် ရေယာဉ်များနှင့် ပို့ဆောင်လျက်ရှိရာ (၁)လမ်းနှင့် မဟာဗန္ဓုလလမ်းထိပ် မြစ်ကမ်းဘေးတွင် ပြည်တွင်းရေကြောင်းပိုင် ရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ခံဘောတံတားနှင့် ရေကြောင်း မန်နေဂျာရုံးကို နာဂစ်ဖြစ်ပြီးနောက်ပိုင်းတွင် ရန်ကုန်မြို့ ရေနန်းသူဇာဆောက်လုပ်ရေးမှ ကန်ထရိုက်ယူ၍ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ကန်ထရိုက်စနစ်ဖြင့် အပြီးဆောက်လုပ်ခဲ့ရာ တစ်ခြမ်းတွင် ရေကြောင်းရုံးအတွက် အခန်းသုံးခန်း၊ ကျန်တစ်ခြမ်းတွင် ဆိုင်ခန်းများအတွက် ငါးခန်းဖွဲ့စည်းထားရာတွင် ယခုအခါ ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်း ဆောက်လုပ်ထားသည့် အာရ်စီသံကူကွန်ကရစ်အဆောက်အအုံသည် ဖျာပုံမြစ်တွင်းသို့ ၁၅ ဒီဂရီ ခန့်နိမ့်ဆင်းပြီး မြင့်မိုရ်ပိတ်များ ကွဲအက်နေသဖြင့် ရုံးခန်းနှင့် ဆိုင်ခန်းများမှာ နံရံများကွဲအက်၍ ကြမ်းပြင်နိမ့်ဆင်းပြီး လူနေထိုင်ရန်အတွက် အသက်အန္တရာယ်ဖြစ်နိုင်သည်ကို တွေ့ရှိနေရသည်။

ဖျာပုံမြို့ ကုန်သည် မြို့မိမြို့ဖတစ်ဦးက “ကျွန်တော်တို့ ဖျာပုံမြို့မှာ ယခင်က ရေကြောင်းရုံးကို သစ်သား၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံဖြင့် ဆောက်လုပ်ထားရာမှ နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်မှာ မြို့ကျက်သရေဆောင်အဖြစ် ဖျာပုံမြို့ ရေကြောင်းရုံးအဆောက်အအုံကို ကန်ထရိုက်စနစ်ဖြင့် ကုန်တင်ကုန်ချ လူသွားလမ်းအပြင် ဝဲယာဘေးနှစ်ဖက်တွင် အခန်းဖွဲ့ဆောက်လုပ်ခဲ့တာကိုတွေ့ရပြီး ယခု ဆောက်လုပ်ပြီး မကြာခင်မှာပဲ မြစ်ထဲကို စိုက်ထားတဲ့ အာရ်စီတိုင်တွေနဲ့ ကုန်းပေါ်က အာရ်စီတိုင်တွေနိမ့်ဆင်းပြီး ကုန်းပေါ်မှကြည့်ရင် ရေထဲပြိုကျတော့မယ့်အတိုင်း မြင်ရပြီး၊ နံရံတွေပြိုကျရင် ခရီးသွားပြည်သူတွေနဲ့ ရေကြောင်းရုံးမှာရှိတဲ့ ဝန်ထမ်းတွေ အသက်အန္တရာယ် ထိခိုက်မှာကိုးနိုးသေဖြစ်ပါတယ်။ ဒါကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ပွင့်လင်းမြင်သာစွာစစ်ဆေးပြီး အဆောက်အအုံနဲ့ ပတ်သက်တဲ့ တာဝန်ရှိသူတွေက အမြန်ဆုံးပြန်လည်ပြုပြင်ပေးဖို့ လိုအပ်နေပြီဗျာ”ဟုပြောသည်။

(ဝ၇၁)

ကွမ်းလုံ အောက်တိုဘာ ၁၄

နယ်လှည့်ဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသ

ကျန်းမာရေးဦးစီးဌာန အောက်ရှိ ဝန်ထမ်းများနှင့် ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များအဖွဲ့သည် ရှမ်းပြည်နယ် ကွမ်းလုံခရိုင် ကွမ်းလုံမြို့တွင် အောက်တိုဘာ ၁၂ ရက်က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူ ၂၄၀ တို့ကို သွားနှင့်ပတ်သက်သော ရောဂါများကိုအခမဲ့ ကွင်းဆင်းကုသပေးခဲ့သည်။

ကွင်းဆင်းကုသ

အဆိုပါအဖွဲ့သည် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့များသို့ ဆက်လက်ကွင်းဆင်း ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သီတဂူရွှေပြည်ဟိန်းစကျူးဒါနဆေးရုံ(ရန်ကုန်) ၂၈-ကြိမ်မြောက် အလင်းဒါနအလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ

... KBZ Bank (Account No.00730200701690301)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ကျိုဇိုက်ကုပ်မြို့ တောင်ပေါ်အပန်းဖြေစခန်း၌ လှည့်လည်ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၁၄

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် FAO ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ချန်ဒူး စစ်ဒေသကြီးမှ ဒုတိယစစ်ဒေသမှူးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် စီချွမ်ပြည်နယ်၊ ကျိုဇိုက်ကုပ်မြို့ တောင်ပေါ်အပန်းဖြေစခန်းအတွင်းရှိ 5 Flower Lake Pear Shoal Water Fall နှင့် Nuorilang ရေတံခွန်နှင့် ရေကန်တို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဂျိုဟွမ်လေဆိပ်မှ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Nanyan လေဆိပ်သို့ရောက်ရှိရာ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် FAO မှ အာရှရေးရာ ဗျူရို၌ာနမှူး Senior Colonel Song Yan Chao နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ခေတ္တတည်းခိုမည့် ကျောက်ယုထိုင် နိုင်ငံတော်အစိုးရဧည့်ဂေဟာသို့ ညနေ ၆ နာရီတွင် ရောက်ရှိပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး၊ သံရုံးမိသားစုများနှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ ပညာတော်သင် မြန်မာကျောင်းသားများအား တွေ့ဆုံ၍ မြန်မာ-တရုတ် အိမ်နီးချင်းနှစ်နိုင်ငံ၏ ဆက်ဆံရေးကောင်းမွန်မှု၊ တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုနှင့်သံတမန်ကဏ္ဍ၏ အရေးပါမှု၊ တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်နှင့် ပညာသင်ကြားရေးကိစ္စများဆောင်ရွက်ရန် သွားလာကြသူများအား စည်းမျဉ်းစည်းကမ်းနှင့်အညီလိုအပ်သော အကူအညီများပေးရေး၊ ခေတ်မီနိုင်ငံ ထူထောင်ရာတွင် အတတ်ပညာ နည်းပညာသည် မဖြစ်မနေလိုအပ်သဖြင့် ပညာတော်သင်များအနေဖြင့် အကျိုးရှိစွာ ပညာတတ်မြောက်အောင် ကြိုးစားလေ့လာသင်ယူရေး၊ နှစ်ပေါင်း ၆၀ ကြာရှည်ပြီဖြစ်သော ချစ်ကြည်ရင်းနှီးမှုရှိသည့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ပြီး **(အပေါ်ပုံ)** သံရုံးနှင့် စစ်သံရုံးမိသားစုများက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်အဖွဲ့ ကယားပြည်နယ် လွိုင်ကော်ခရိုင်အတွင်းရှိ ပြည်သူလူထုနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်သူလူထုနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးဦးစိုးတင့်က ဆပ်ကော်မတီအနေဖြင့် ကွင်းဆင်း၍ ပြည်သူ့ဆန္ဒ၊ ပြည်သူအသံများ သိရှိပြီး တစ်ခါတည်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များ ချက်ချင်းဖြေရှင်းသွားမည်ဖြစ်ပါကြောင်း၊ ကဏ္ဍအသီးသီး ထိုက်သင့်သော အကျိုးကျေးဇူးရရှိသည်အထိ Result Base Performance ရရှိစေမှာ ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုနှင့် ထိတွေ့ပြီး မိသားစုသဖွယ် ညီအစ်ကို မောင်နှမ သားချင်းများသဖွယ် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြ ကြရန် ပြောကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ဒုဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ပြည်သူ ၁၂ ဦးက မေးခွန်းပေါင်း (၃၆)ခုအား မေးမြန်းကြသည်။

ထို့နောက် လွိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ထပ်မံတွေ့ဆုံပြီး တင်ပြချက်များနှင့်ပတ်သက်၍ ဦးစားပေး ဆောင်ရွက်ရမည့်အချက်များ အနက် ချက်ချင်းဆောင်ရွက်ရန်ကိစ္စများအား ပြည်သူ့ကိုယ်စားလှယ်များနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံ၍ ပြည်သူဖြစ်လိုသည်များ အမြန်ဆုံးအောင်မြင် ရန် (Quick Win) ရရှိရန် အားသွန်ခွန်စိုက်စည်းလုံးညီညွတ်စွာ ကဏ္ဍအလိုက် ကြိုးစားဆောင်ရွက်ရန်တို့အား ဆွေးနွေးမှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် လွိုင်ကော်-မိုးဗြဲ-ပင်လောင်း-အောင် ပန်းလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၆၁/၁)နှင့် (၆၂/ ၄)အကြား နောင်ပိုးကျေးရွာအနီး အတက်အဆင်းမတ်စောက်သည့်နေရာတွင် စက်ယန္တရားများနှင့် လမ်းသားနှိမ့်ချခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပင်လောင်းမြို့မှတစ်ဆင့် ပျဉ်းမနား- လိန်းလီ-ပင်လောင်းလမ်းတစ်လျှောက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် အောက်တိုဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး နယူးယောက်မြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးဟန်သူအား ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

● ***ရှေ့ဖုံးမှ***

စက်မှုဝန်ကြီးဌာနစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

"ဒီသင်တန်းတွေကို ဖွင့်လှစ်ရတာက လျှပ်စစ်ကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်သုံးပစ္စည်းများ သက်တမ်းကြာရှည်စွာ အသုံးပြုတတ်စေရေး၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကျွမ်းကျင်လာတာနဲ့အမျှ ကုန်ထုတ်စွမ်းအား တိုးတက်လာစေဖို့ အပြင် သဘောတရားနဲ့ လက်တွေ့ပေါင်းစပ်ပြီးလုပ်ငန်းခွင်မှာ အကျိုးရှိရှိ အသုံးချနိုင်ရေးတို့ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်စစ်ရေးသင်တန်းခန်းမ၌ အောက်တိုဘာ ၁၄ ရက်က ကျင်းပသည့် လျှပ်စစ်ကျွမ်းကျင်မှုအခြေခံ သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ၌ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းညွှန့်က ပြောကြားသည်။

အဆိုပါ သင်တန်းကို တစ်နှစ်လျှင် နှစ်ကြိမ် ဖွင့်လှစ်လျက်ရှိပြီး တစ်ကြိမ်လျှင် သင်တန်းသားပျမ်းမျှ ၇၀ ခန့် ခေါ်ယူလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ယခုသင်တန်း၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၇ ဦး တက်ရောက်ကြပြီး ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်သည်။ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းကို ယခုအကြိမ် အပါအဝင် စုစုပေါင်း ၃၂ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းသားပေါင်း ၂၄၂၀ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ စက်မှုဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာန၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြင်ပမှစိတ်ဝင်စားသူများတက်ရောက်နိုင်ပြီး အနိမ့်ဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်းအဆင့်ဖြစ်သည်။

လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအတွင်း လွတ်လပ်သည့် ကုန်သွယ်မှုနယ်ပယ် ဖြစ်လာသည့်အခါ ကုန်ပစ္စည်းများသာမက ကျွမ်းကျင်လုပ်သားများလည်း အရည်အချင်းပြည့်ဝနေရန် လိုအပ်လျက်ရှိရာ ယခုကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန် မွေးထုတ်ပေးနေခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

❒ ***ရှေ့ဖုံးမှ***

အလွဲသုံးစားမှု၊ လာဘ်ပေးလာဘ်ယူမှု မရှိစေရေး မိမိလက်အောက်အား ထိန်းသိမ်းကြပ်မတ်သွားရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလုပ်ငန်းများအား အမြဲမပြတ် ဆောင်ရွက်သွားရန်၊ ယာဉ်မတော်တဆမှု အချို့တွင် ယာဉ်မောင်းများ အားနည်းမှုများတွေ့ရှိရ၍ ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးရာတွင် ယာဉ်မောင်းကျွမ်းကျင်မှု သေချာစွာ စစ်ဆေးရန်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းအဆင်ပြေအောင် ဆောင်ရွက်ကြရန်၊ ပြည်သူ့ဆက်ဆံရေးဌာနများတွင် ပြည်သူလူထု၏ လိုအပ်ချက်၊ အကြံပြုချက်များကို အရေးတယူထိရောက်စွာ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

နိုင်ငံတကာသတင်း

ကောလာဟလကြောင့် လူ ၁၀၉ ဦးသေဆုံး

နယူးဒေလီ အောက်တိုဘာ ၁၄

အိန္ဒိယနိုင်ငံ မက်ဒရာပရာဒေ့ရှ် ပြည်နယ်အလယ်ပိုင်း ဟိန္ဒူဘုရားပွဲတော်၌ လူအချင်းချင်းတက်နင်းမိ၍ သေဆုံးသူ ၁၀၉ ဦးအထိရှိလာကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောသည်။ အဆိုပါ ဖြစ်စဉ်သည် ဒါတီးယားမြို့ရာတန်ဂါဘုရားကျောင်း အနီးတံတားတစ်ခုပေါ်တွင် အထိတ်တလန့်ဖြစ်ပွားပြီးနောက် အများအပြား အချင်းချင်း တက်နင်းခံရမှု ဖြစ်ပွားခဲ့သည်။ အချို့မှာ တံတားပေါ်မှ ခုန်ချကြသည်။

ထိုအတောအတွင်း သေဆုံးသွားသူအများအပြားကို ညလုံးပေါက် မီးသဂြိုဟ်ခဲ့ရသည်။ ရာထောင်ချီသော အိန္ဒိယ ဟိန္ဒူဘာသာဝင်များသည် နက်ရာထရာပွဲတော်အတွက် ကိုးညတိုင်တိုင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ ဖြစ်စဉ်သည် တံတား ပြိုကျတော့မည်ဟူသော ကောလာဟလကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နောက်ဆုံးရ မြေပြင် ကောက်ယူစာရင်းမှာ ၁၀၉ဦး သေပြီး ၁၃၃ ဦး ဒဏ်ရာရှိသွားသည်ဟု ဆိုသည်။

တာဝန်ရှိသူများ အဆိုအရ များပြားလှသော လူအုပ်ကြီးစုပြုံတိုးဆင်းလာမှုကြောင့် တံတားမှာ ကျိုးကျမတတ်ဖြစ်ခဲ့သည်ဟု သိရသည်။ တံတားမှာ တံတားကျဉ်းတစ်ခုဖြစ်ပြီး မီတာ ၁၀၀ ရှည်လျားကာ ၂၀၀၇ ခုနှစ်က အလားတူ ဖြစ်ရပ်ကြောင့် ပြန်လည် တည်ဆောက်ပြီးစပင်ရှိသေးသည်။ အိန္ဒိယနိုင်ငံ၏ ဟိန္ဒူပွဲတော်သည် လူပေါင်းများစွာကို သေစေတတ်သော ပွဲတော်အဖြစ် လူသိများကြသည်။ ပြီးခဲ့သည့်နှစ်ကလည်း အလားတူ ဖြစ်ရပ်မျိုး သုံးခုကြောင့် ဒါဇင်ပေါင်းများစွာ သေကျေခဲ့ရသည်။ ၂၀၁၁ ခုနှစ်ကမူ တောင်ပိုင်း Kerala ပြည်နယ်ရှိ ပွဲတော်တစ်ခုတွင် လူ၁၀၀ ထက်မနည်း သေဆုံးခဲ့ရဖူးသည်။ **(ဘီဘီစီ)**

သူပုန်ထိန်းချုပ်နေရာ၌ ဓာတုလက်နက်များ စစ်ဆေးနေစဉ်။

ဆီးရီးယားသူပုန် ထိန်းချုပ်ထားရာနေရာများ ဓာတုလက်နက်ဖျက်သိမ်းရေးအဖွဲ့ စတင်စစ်ဆေး

ဒမတ်စကတ် အောက်တိုဘာ ၁၄

ဆီးရီးယားနိုင်ငံ သူပုန်ထိန်းချုပ် ဒေသအချို့၌ ချဉ်းကပ်ရာတွင် စိုးရိမ်ရသည့်အနေအထားရှိကြောင်း ဆီးရီးယားဓာတုလက်နက် ဖျက်သိမ်းရေးလုပ်ငန်း ဆောင်ရွက်နေသော အကြီးအကဲက ပြောသည်။

ဆီးရီးယားနိုင်ငံအတွင်း ဓာတုလက်နက်ဖျက်သိမ်းရေး ဆောင်ရွက်ရာတွင် အစိုးရနှင့်သူပုန်အဖွဲ့နှစ်ဖက်စလုံးက အကူအညီပေးရမည်ဖြစ်ကြောင်း ဓာတုလက်နက် တားဆီးကာကွယ်ရေးအဖွဲ့ အကြီးအကဲ အာမက်အူဇမ်ကူးက ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်က နိုဘယ်လ်ငြိမ်းချမ်းရေးဆုကလည်း ဆီးရီးယားနိုင်ငံအတွင်း ယင်းတို့၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အောက်တိုဘာ ၁၄ ရက်က ဓာတုလက်နက် ညီလာခံသို့ ဆီးရီးယား တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အဖွဲ့နှင့် ကုလသမဂ္ဂက အောက်တိုဘာ ၁ ရက်မှ စတင်ကာ ကျွမ်းကျင်သူ ၆၀ နှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့တစ်ဖွဲ့စေလွှတ်လျက် ဓာတုလက်နက်ဖယ်ရှားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့သည် မြို့တော်ဒမတ်စကတ်၌ အခြေစိုက်ပြီး ဓာတုလက်နက်ရှိရာ နေရာများနှင့် အဆောက်အအုံများသို့ ပုံမှန်သွားရောက်စစ်ဆေးလျက်ရှိသည်။ ယင်းတို့သည် ဓာတုလက်နက်ထုတ်လုပ်သည့်နေရာ အနည်းဆုံးနေရာ ၂၀ အနက်မှ ငါးခုသို့ သွားရောက်စစ်ဆေးခဲ့ပြီး ဖြစ်သည်။ **(ဘီဘီစီ)**

ကမ္ဘောဒီးယား၌ မဲခေါင်မြစ်ရေလွှမ်း သေဆုံးသူ ၁၂၂ ဦးအထိရှိ

ဖနောင်ပင် အောက်တိုဘာ ၁၄

ကမ္ဘောဒီးယားနိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တလေးပတ်အတွင်း မဲခေါင်မြစ်ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၂၂ ဦး အထိရှိသွားပြီဖြစ်ကြောင်း ကမ္ဘောဒီးယား သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းချုပ်ရေးဌာနက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။

လူဦးရေ ၁ ဒသမ ၅ သန်းခန့် ရေဘေးဒဏ်ခံစားခဲ့ကြရသည်။ စပါးစိုက်ခင်း ဟက်တာ ၂၅၀၀၀၀ ခန့်မှာ ရေလွှမ်းသွားပြီး လမ်းပိုင်းကီလိုမီတာ ၁၁၀ ခန့်နှင့် ကျောက်စရစ်ခင်းလမ်း ကီလိုမီတာ ၃၀၀ ခန့် ပျက်စီးသွားသည်။

ယခုနှစ် ရေကြီးမှုကြောင့် စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ၂၀၁၁ ခုနှစ်က ဆုံးရှုံးမှုတန်ဖိုးနီးပါးရှိသည်ဟု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

၂၀၁၁ ခုနှစ်က ကြုံခဲ့ရသော ရေကြီးရေလျှံမှုတွင် လူ ၂၅၀ သေဆုံးခဲ့ရပြီး လမ်းပိုင်းများနှင့် စပါးစိုက်ခင်းများ အဓိက ပျက်စီးသွားခဲ့သဖြင့် စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး ကန်ဒေါ်လာ ၅၂၁ သန်း ဆုံးရှုံးခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်စဉ်မှာ ဩဂုတ်လနှင့် အောက်တိုဘာလကြား ကာလတွင် အဖြစ်များလေ့ရှိသည်။ **(ဆင်ဟွာ)**

အိန္ဒိယ မုန်တိုင်းသေဆုံးသူ ၂၂ဦးရှိ နေအိမ်များသို့ အများစုပြန်ကြပြီ

နယူးဒေလီ အောက်တိုဘာ ၁၄

အိန္ဒိယနိုင်ငံအရှေ့ပိုင်းသို့ ဝင်ရောက်ခဲ့သည့် ဖိုင်လင်းမုန်တိုင်းကြောင့် သေဆုံးသူ အနည်းဆုံး ၂၂ ဦးရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ မုန်တိုင်းဝင်ရောက်ပြီး တည်ငြိမ်သွားပြီဖြစ်၍ ရွှေ့ပြောင်းထားသူများနေအိမ်များသို့ ပြန်လည်ထွက်ခွာနေကြပြီဖြစ်ကြောင်း၊ အချို့မှာ ခိုလှုံရာနေရာများတွင် ရှိနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းမုန်တိုင်းသည် ၁၄ နှစ်အတွင်း အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ပြီး နေအိမ်နှင့်အဆောက်အအုံများပျက်စီးခဲ့သဖြင့် လူအများအပြားယာယီစခန်းများ၌ ဆက်လက်တည်းခိုနေရဆဲဖြစ်သည်။ **(ဘီဘီစီ)**

တရားမဝင်ရွှေ့ပြောင်းလာသူများကို တားဆီးရန် အီတလီဝေဟင်နှင့်ရေပြင် စတင်ကင်းလှည့်

ရောမ အောက်တိုဘာ ၁၄

အီတလီနိုင်ငံက အာဖရိကမြောက်ပိုင်းမှ တရားမဝင်ပြောင်းရွှေ့လာသူများ၏ လှေများနစ်မြုပ်ပြီး လူရာနှင့်ချီ သေဆုံးခဲ့ပြီးနောက် ဝေဟင်နှင့် ရေပြင်ကင်းလှည့်ရေးအဖွဲ့များ ထူထောင်ထားရှိသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ ဝေဟင်နှင့်ရေပြင် ကင်းလှည့်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၄ ရက်မှစတင်ကာ ဆစ္စလီ တောင်ပိုင်းမှ စတင်လိုက်ပြီ ဖြစ်ကြောင်း ဝန်ကြီးလက်တာက ပြောကြားလိုက်သည်။

အီတလီ လမ်ပီဒူဆာကျွန်းနှင့် မော်လ်တာနိုင်ငံတို့အကြား ရေလမ်းကြောင်းတွင် အောက်တိုဘာ ၁၁ရက်က လှေမှောက်ခဲ့သဖြင့် အနည်းဆုံး လူ၃၃ဦးသေဆုံးခဲ့ရသည်ဟု ဆိုသည်။

ယခုသီတင်းပတ်အစောပိုင်းကလည်း လမ်ပီဒူဆာကျွန်းကမ်းလွန်၌ သင်္ဘောနစ်မြုပ်ခဲ့မှုကြောင့် အနည်းဆုံး ပြောင်းရွှေ့လာသူ ၃၅၀ ကျော် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အီတလီနိုင်ငံက ယခင်ကတည်းက ၎င်းနိုင်ငံကမ်းခြေများသို့ ပြောင်းရွှေ့လာသော ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းလာသူများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပေးပါရန် အီးယူသို့ဆော်ဩထားသည်။

အာဖရိကနှင့်အရှေ့အလယ်ပိုင်း ဒေသတို့တွင် စစ်မက်ဖြစ်ပွားခြင်းနှင့်ဆင်းရဲနွမ်းပါးမှုကြောင့် ဥရောပတွင် ပိုမိုကောင်းမွန်သော ဘဝများကို ထူထောင်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်များစွာဖြင့် များပြားလှသည့် မိသားစုများထွက်ပြေးလာကြသည်။ သို့သော်လည်း မကြာသေးမီက ဖြစ်ပွားခဲ့သော စက်လှေနစ်မြုပ်မှုဖြစ်စဉ်များကြောင့် အီတလီနိုင်ငံက အီးယူကို ကူညီပေးပါရန် ထပ်မံပန်ကြားရန် အကြောင်းဖြစ်စေခဲ့သည်။ အီတလီနိုင်ငံက ရွှေ့ပြောင်းလာသူများကို တားဆီးရန် အန္တရာယ်ဖြစ်နိုင်သော သင်္ဘောများကို စောင့်ကြည့်ရေး ဆစ္စလီကျွန်း၌ မောင်းသူမဲ့လေယာဉ်များ အခြေစိုက်ချထားပြီး ကင်းလှည့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အီတလီမီဒီယာများက ဖော်ပြသည်။ **(ဘီဘီစီ)**

ဆေးလိပ်တစ်တိုကြောင့် ကား ၈၀ ခန့် မီးလောင်

ဆစ်ဒနီ အောက်တိုဘာ ၁၄

ဩစတြေးလျ အိုလံပစ်အားကစားကွင်း၌ မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ ကားစီးရေ ၈၀ ခန့် ပျက်စီးသွားပြီး လူ ၁၅၀၀ ခန့်ကို မီးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရသည်ဟု အောက်တိုဘာ ၁၄ ရက် သတင်းတွင် ရေးသားထားသည်။

မီးသတ်တပ်ဖွဲ့ဝင် ၅၀ ထက်မနည်းတို့သည် အောက်တိုဘာ ၁၃ ရက် ဆစ်ဒနီ အိုလံပစ်ကျင်းပရာနေရာသွား မီးလမ်းကြောင်းများကို ငြိမ်းသတ်ခဲ့ရသည်ဟု သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ သေဆုံးသူ မရှိဟု သတင်းထုတ်ပြန်ထားသည်။ မီးသတ်တပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အရ စီးကရက်မီးစ တစ်ခုခုကြောင့် မြက်ခြောက်များ လောင်ကျွမ်းရာမှ စတင်ခြင်း ဖြစ်နိုင်သည်ဟု ဆိုသည်။ မျက်မြင်သက်သေများ ပြောပြချက်အရ မီးတောက်အတွင်း ကားတာယာ ပေါက်ကွဲသံများ၊ ဆီကန်ပေါက်ကွဲသံများ ကြားကြရသည်ဟု ဆိုသည်။ "ကျွန်တော့်ရဲ့ မီးသတ်ဝန်ထမ်းသက်တမ်းတစ်လျှောက် အသက် ၄၂ နှစ်အထိခုလို ကားတွေအဆင့်ဆင့် မီးလောင်ကုန်တာ မတွေ့ဖူးသေးပါဘူး" ဟု နယူးဆောသ်ဝေးလ် မီးသတ်အဖွဲ့ဝင်က ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ဘရာစီယာနိုမြို့ ကန်ဘေးရှိ အော်စီနီအော်ဒက်စကော်ချီ ရှေးဟောင်းအဆောက်အအုံကို တွေ့ရစဉ်။

အီတလီနိုင်ငံ၌ စီးပွားရေးအကျပ်အတည်းဖြေရှင်းရန် သမိုင်းအမွေအနှစ်နေရာ ၅၀ ကျော်ကို ရောင်းမည်

ရောမ အောက်တိုဘာ ၁၄

အီတလီနိုင်ငံတွင် စီးပွားရေးအကျပ်အတည်း ဖြေရှင်းနိုင်ရန်အလို့ငှာ ၁၈ ရာစုက နန်းတော်ကြီး အပါအဝင် သမိုင်းအမွေအနှစ်နေရာ ၅၀ ကို ရောင်းချသွားမည်ဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ သမိုင်းအမွေအနှစ်နေရာများကို ရောင်းချလိုက်ခြင်းအားဖြင့် ၂၀၁၃ ခုနှစ် ဂျီဒီပီ၏ ၃ ဒသမ ၀ ရာခိုင်နှုန်းရှိ ဘတ်ဂျက်လိုအပ်ချက်ကို ကာမိစေလိမ့်မည်ဟုဆိုသည်။

မီလန်မြို့အနီးရှိ ၁၈ ရာစုခေတ်က ဗီလာမီရာဘယ်ကို နန်းတော်နှင့် ရောမမြို့မှ ၂၇ မိုင်အကွာ ဘရာစီယာနိုမြို့ရှိ အော်စီနီ အော်ဒက်စကော်ချီ သမိုင်းအမွေအနှစ်နေရာများ အပါအဝင် စုစုပေါင်းသမိုင်းအမွေအနှစ် ၅၀ ကျော်ကို အီတလီအစိုးရက ရောင်းချသွားမည်ဟု ဆိုသည်။

ဥရောပရှိ မည်သည့် အစိုးရမဆို ရန်ပုံငွေလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး ကြိုးစားနေကြကြောင်း၊ ယင်းတို့၏ ပိုင်ဆိုင်မှုများကို ရောင်းချခြင်းဖြင့် ငွေကြေးလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားနေကြကြောင်း အီတလီသမိုင်းအမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူ ရှုးပတ်ဖောဆက်က ပြောသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အီတလီနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်း အနှေးကွေးဆုံးနိုင်ငံဖြစ်လာခြင်းကြောင့် အသုံးစရိတ်များ လျှော့ချခြင်းကဲ့သို့သော တင်းကျပ်သည့် အစီအမံများဖြင့် ဆောင်ရွက်နေရသည်။ အလုပ်လက်မဲ့နှုန်းမှာလည်း မြင့်တက်လာလျက်ရှိသည်။

ဥရောပသည် ၂၀၀၈ ခုနှစ်အစောပိုင်းမှစပြီး ငွေကြေးအကျပ်အတည်းဇုန်အတွင်း ကျရောက်ခဲ့ပြီး ယခုအခါ ဂရိ၊ အီတလီ၊ ပေါ်တူဂီ၊ အိုင်ယာလန်နှင့် စပိန်တို့ ငွေကြေးပြဿနာ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ **(ပရက်စ်တီဗွီ)**

အထွက်နှုန်းကောင်းမျိုးစေ့များ တောင်သူလက်ဝယ်အရောက်ဖြန့်ဖြူး ကျယ်ကျယ်ပြန့်ပြန့်စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်

နေပြည်တော် အောက်တိုဘာ ၁၄

အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့်မျိုးစေ့များကို သုတေသနပညာရှင်များအနေဖြင့် စဉ်ဆက်မပြတ်ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ပြီး တောင်သူများ လက်ဝယ်သို့အရောက် ဖြန့်ဖြူးပေးရန်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံသို့ရောက်ရှိစဉ် **(အပေါ်ပုံ)**တာဝန်ရှိသူများအား ပြောကြားသည်။

"ကျွန်တော်တို့ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံအနေနဲ့ စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာနဲ့ ပဲတီစိမ်းမျိုးကောင်းမျိုးသန့် မျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အဓိကဖြန့်ဖြူးပေးတာကတော့ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ မြောက်ပိုင်း၊ ကယားပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ တောင်သူတွေအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်စိုက်ပျိုးရေးရာသီမှာတော့ စပ်မျိုးပြောင်း ၈၃၀၉ ဧက၊ စပ်မျိုးနေကြာ ၃၁၂၇ ဧကနဲ့ ပဲတီစိမ်း ၄၈ တင်း၊ မျိုးစေ့များထုတ်လုပ် ဖြန့်ဖြူးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ဖို့သုတေသနပြု စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိပါတယ်" ဟု တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ တာဝန်ခံမန်နေဂျာက ရှင်းပြသည်။

အဆိုပါ စိုက်ပျိုးရေးသုတေသနခြံ၌ ၂၀၁၃-၂၀၁၄ မိုးနှောင်းကာလ၌ စပ်မျိုးပြောင်း၊ ကုလားပဲနှင့် မတ်ပဲ သီးနှံမျိုးစေ့များ သုတေသနပြုစိုက်ပျိုးထုတ်လုပ်သွားရန် စီစဉ်လျာထားကြောင်း သိရသည်။ ယင်းစိုက်ပျိုးရေးခြံမှထုတ်လုပ်သော F-1 အစေ့ထုတ်ပြောင်းသည် တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိပြီး တောင်သူများအနေနှင့် ယုံယုံကြည်ကြည်ဖြင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းသေချာသော မျိုးဖြစ်ကြောင်းသိရသည်။ ထုတ်လုပ်စပ်မျိုးနေကြာမှာလည်း တစ်ဧကတင်း ၅၀ အထက်ထွက်ရှိနိုင်သည်ဟု ဆိုသည်။ ယခုအခါ စပ်မျိုးပြောင်းများကို မွေးမြူရေး အစာထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ဝယ်လိုအား အထူးကောင်းမွန်လျက်ရှိသည်။ နေကြာမှာလည်း ဆီထွက်သီးနှံအတွက် အားထားရသော သီးနှံဖြစ်သည်။ ပဲတီစိမ်းနှင့်မတ်ပဲတို့မှာလည်း ပြည်ပဝယ်လိုအားကောင်းနေခြင်းကြောင့် တောင်သူတို့အတွက် အကျိုးအမြတ်ကောင်းများ ရရှိစေသည့် သီးနှံဖြစ်သည်။ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ရွေးချယ်စိုက်ပျိုးလာနိုင်သည်နှင့်အမျှ တစ်ဧကအထွက်နှုန်းကောင်းပြီး ဝင်ငွေစီးပွားတိုးတက်လာမည်ဖြစ်သည်။

သုတေသီများအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အပတ်တကုတ် ထုတ်လုပ်ပေးနေသကဲ့သို့ တောင်သူ ဦးကြီးများအနေဖြင့်လည်း နည်းမှန် စနစ်မှန်ဖြင့် အထွက်နှုန်းကောင်းမျိုးစေ့များ အသုံးပြုစိုက်ပျိုးမည်ဆိုပါက တစ်ဧကအထွက်နှုန်းကောင်းများ ရရှိလာမည်ဖြစ်သည်။

မြင့်မောင်စိုး

ရင်ခွင်ရိပ်အခမဲ့ကွန်ပျူတာသင်တန်းကျောင်း သင်တန်းဆင်းပွဲကျင်းပ

စစ်တွေ အောက်တိုဘာ ၁၄

စစ်တွေမြို့ သံဃရာဇာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသော ရင်ခွင်ရိပ်အခမဲ့ကွန်ပျူတာသင်တန်းကျောင်း၏ သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်သံဃနာယကဥက္ကဋ္ဌ၊ စစ်တွေမြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ရင်ခွင်ရိပ် အခမဲ့ကွန်ပျူတာသင်တန်းကျောင်း၏ နာယကဆရာတော်နှင့် ဆရာတော်များ၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်ဥက္ကဋ္ဌ ဆရာတော်နှင့်ဆရာတော်ကြီးများက ဩဝါဒကထာ မြွက်ကြားပေးသည်။

ထို့နောက် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက ဂုဏ်ပြုစကားပြောကြားပေးသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်ပေးအပ်ရာ ရင်ခွင်ရိပ်၏ နာယက သံဃရာဇာကျောင်းတိုက်ဆရာတော်များနှင့် သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးက ရင်ခွင်ရိပ်အခမဲ့ကွန်ပျူတာသင်တန်းသို့ အလှူငွေကျပ်တစ်သိန်းကို ချီးမြှင့်သည်။ ရင်ခွင်ရိပ်အခမဲ့ပညာသင်ကျောင်းတွင် ကွန်ပျူတာပညာသင်တန်းအပြင် အခမဲ့မူလတန်းကြိုကျောင်းကိုလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(လ/၀၀၃)**

ယူ-၁၄ မျိုးဆက်သစ်လူငယ် ဘောလုံးပြိုင်ပွဲ ပုသိမ်မြို့၌ ကျင်းပမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၄

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် 100 Plus Isotonic Drink တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံမျိုးဆက်သစ် လူငယ်ဘောလုံးသမား ရွက်ပုန်းသီးလေးများကို နောင်အနာဂတ် ဘောလုံးလောက ပိုမိုဖွံ့ဖြိုးစေရန် ရည်ရွယ်၍ MFF 100Plus U-14 Super Cup လူငယ်ဘောလုံးပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီးပုသိမ်ဘောလုံး အကယ်ဒမီ အားကစားကွင်းကြီး၌ နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Gold ဟိုတယ်၌ ကျင်းပခဲ့သည့် မီဒီယာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က ပြောကြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျိုးဆက်သစ် လူငယ်ဘောလုံးအားကစားသမားများကို မွေးထုတ်ပေးလျက်ရှိသည့် နိုင်ငံတစ်ဝန်းမှ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကမျိုးဆက်သစ် လူငယ်ဘောလုံးအသင်းစုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (A) နှင့် အုပ်စု (B) ဟူ၍ အုပ်စုနှစ်ခုဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စု - (A) တွင် မြန်မာအကယ်ဒမီ(က)အသင်း၊ အနာဂတ်လူငယ်ဘောလုံးအသင်း၊ နေပြည်တော်အကယ်ဒမီ(ခ)အသင်း၊ စူပါစတားဘောလုံးအသင်းနှင့် AUFC အကယ်ဒမီ (ခ) ဘောလုံးအသင်းတို့ ပါဝင်ပြီး အုပ်စု-(B)တွင် AUFC အကယ်ဒမီ (က) အသင်း၊ မြန်မာအကယ်ဒမီ (ခ)အသင်း၊ နေပြည်တော် အကယ်ဒမီ (က)အသင်း၊ ဘိုကလေး ဘောလုံးလေ့ကျင့်ရေးလူငယ်အသင်း၊ မြန်မာအကယ်ဒမီ (ဂ)အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှစ၍ တစ်နေ့ လေးပွဲနှုန်းဖြင့် အုပ်စုပွဲများကို နိုဝင်ဘာ ၅ ရက်အထိ ယှဉ်ပြိုင်ပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကာလ တစ်လျှောက်လုံးတွင်ဘောလုံးသမားများနှင့်နည်းပြများအား အနေအထိုင်၊ အစားအသောက်ကအစ အားကစားသမားများအတွက် ပြည့်စုံစွာ 100 Plus Isotonic Drink က အကုန်အကျခံမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲ၌ ပထမဆုရရှိသည့်အသင်းကို ဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုရရှိသည့်အသင်းကို ငွေကျပ် နှစ်သိန်းနှင့် တတိယဆုရရှိသည့်အသင်းကို ဆုငွေကျပ်တစ်သိန်းတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၁၄

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်တွင် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ ခြောက်လပတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ်ဦးမြင့်အောင်က ပြည်ထောင်စု စာရင်းစစ်ချုပ်၏ မှာကြားချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။ ထို့နောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြား ရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်နှင့်မြို့နယ်စာရင်းစစ်အရာရှိများ၊ စာရင်းစစ်မှူးများ၏ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတင်ပြချက်များကို ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ပြန်လည်ရှင်းလင်းမှာကြားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းစပါးခင်းများဖျက်ပိုးများကျ စိုက်ပျိုးရေးဌာနက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

ပုဏ္ဏားကျွန်း အောက်တိုဘာ ၁၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လွန်ခဲ့သောရက်အနည်းငယ်ခန့်က စပါးခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် စပါးများပျက်စီးဆုံးရှုံးမှုများဖြစ်ပွားကြောင်းသိရသည်။ ပုဏ္ဏားကျွန်းမြို့နယ်(မြောက်ပိုင်း)မြက်သောက်ကျေးရွာ စပါးခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် လယ်သမား ၃၅ ဦးပိုင်ဆိုင်သော စပါးစိုက်ဧက ၈၀ ကျော် ပျက်စီးသွားသည်။

ဖျက်ပိုးများသည် စပါးပင်၏ အောက်ခြေတွင်နေပြီး ပင်စည်အောက်ပိုင်းကို စားပစ်သည်။ ဖျက်ပိုးများအလွန်အကျွံကျခြင်းကြောင့် ယခုကဲ့သို့ စပါးခင်းများပျက်စီးသွားခြင်းဖြစ်သည်။ မြက်သောက်ကျေးရွာမှ လယ်သမားကိုထွန်းထွန်းနိုင်က "ကျွန်တော်တို့ရွာမှာ ဧက ၈၀ ကျော်လောက် ပျက်စီးသွားပါတယ်။ ပိုးကျတယ်သိတာနဲ့ လယ်ကွင်းတွေကို သွားကြည့်တော့ ပိုးကျတာအလွန်များသွားပါပြီ။ ကျွန်တော်တို့ရွာက အုပ်ချုပ်ရေးမှူးကိုတင်ပြပြီး မြို့နယ်စိုက်ပျိုးရေးဌာနကိုသွားကြပါတယ်။ သူတို့မှာ ဆေးဝါးတွေမရှိပါ။ နှိမ်နင်းရေးအတွက်

ပုဏ္ဏားကျွန်းဈေးကိုသွားပြီး ဆေးတွေရှာကြပါတယ်။ တွေ့တဲ့ဆေးတွေက အဆင်မပြေတဲ့ ဆေးတွေဖြစ်နေလို့ မရခဲ့ပါဘူး။ ပျက်စီးမှုတွေများတာကြောင့် မြို့နယ်စိုက်ပျိုးရေးဌာနက ပြည်နယ်စိုက်ပျိုးရေးဌာနကို ဖုန်းဆက်ပြီး အကြောင်းကြားပေးပါတယ်"ဟု ပိုးဖျက်မှုအခြေအနေနှင့် မြို့နယ်စိုက်ပျိုးရေးဌာန၏ ဆောင်ရွက်ချက်များကို ပြောပြသည်။ လယ်သမားများအကြောင်းကြားသည့် အောက်တိုဘာ၁၂ ရက်တွင် ပြည်နယ်စိုက်ပျိုးရေးဌာနမှ ဒုတိယပြည်နယ် မန်နေဂျာ ဦးလှမောင်သာ ဦးဆောင်သောအဖွဲ့က ချက်ချင်းလိုက်လာကြောင်း၊ မြို့နယ်အဖွဲ့နှင့်ပူးပေါင်းကာ လယ်သမားများနှင့်အတူ ပိုးကျသည့် လယ်ကွင်းများသို့ သွားကြကြောင်း၊ ပိုးများကိုစစ်ဆေးကြည့်ကြောင်း၊ ကျရောက်သောပိုးမှာ ဖြုတ်စိမ်းဖြစ်သည်ဟု ၎င်းတို့ပြောပြချက်အရ သိရကြောင်း၊ ရပ်ရွာ၌ပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း၊ အသုံးပြုရမည့်ဆေး အမျိုးအစားကို နမူနာပေးပြီး ညွှန်ကြားခဲ့ကြောင်း ၎င်းလယ်သမားက ဆက်လက်ပြောကြားသည်။

၎င်းဖျက်ပိုးသည် ယိုးချောင်းကမ်းခြေရှိ မြက်သောက်ကျေးရွာအပြင် ဆင်ထိမ်းချေ၊ ညောင်ခြုံ၊ ဒါးပိုင်၊ ပဲသူနန်း၊ အောင်ဖြူပြင်၊ ပန်းနီလာကျေးရွာများရှိ ယိုးချောင်း ဝဲယာလယ်ကွင်းများသို့ ကူးစက်နေသဖြင့် လယ်သမားများ စိုးရိမ်နေကြကြောင်း သိရသည်။

ကိုကြီးစော

ဝါကျွတ်ချိန်ရာသီဦးမှာ

➢ မိုးဝသန်ကုန်ဆုံးလို့
ရှစ်ခွင်လုံးသာယာပြီ
လှပဝေစည်
ကြာမျိုးစုံပွင့်လေပြီ
ထုံကြည်လို့ကြိုင်သင်း
ဝါကျွတ်ချိန်ရာသီဦးမှာ
ထူးတင့်လေခြင်း။

➢ မြတ်ရှင်ပင်နတ်ပြည်နန်းသို့
ကြွလှမ်းတဲ့ချိန်ခါညီ
ဝါကပ်ခဲ့ပြီ
အဘိဓမ္မာရွှေစည်
မြည်သံကဘယ်မစဲ
ကျေးဇူးရှင်အမိနတ်သားရယ်နဲ့
နတ်ပြဟ္မာသတ္တဝါများကို
ဟောကြားတဲ့ပွဲ။

➢ မြတ်ဗုဒ္ဓါနတ်ရွာနန်းက
လှမ်းကြွခဲ့ဥ္စလူ့ရွာ
လပြည့်ညခါ
မီးထွန်းပွဲထိန်ထိန်သာ
ပူဇော်ပါလို့ သဒ္ဓါလွှမ်း
ညီညာစွာကုသိုလ်မှုကို
ပြုကြရွှင်လန်း။

➢ တို့မြန်မာဝါကျွတ်ပွဲ
ဆင်နွှဲကြသည့်ချိန်ခါ
ကောင်းမှုဝေဖြာ
ယဉ်ကျေးမှုအစဉ်အလာ
ရိုးရာအမွေမို့ မြင့်တင်ပေး
ကမ္ဘာမှာမြန်မာအလှကို
ပြကြမယ်လေး။ ။

ညွှန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အမြင်ရှိသူဝယ် အလွယ်သာ

ချစ်နိုင်(စိတ်ပညာ)

"အရပ်နှံ့စပ်သူမှာ ဝါစာ၊
အတတ်နှံ့စပ်သူမှာ ပညာ၊
သဘင်နှံ့စပ်သူမှာ ရယ်စရာ၊
အမြင်နှံ့စပ်သူမှာ အလွယ်သာ။"

လုံးတော်ဆရာတော်

(လုံးတော်ဆရာတော် ဩဝါဒကထာမှ)

အမြင်

"အမြင်နှံ့စပ်သူမှာ အလွယ်သာ"ဟု ဆိုသော အချက်က နှစ်သက်လက်ခံဖွယ်ရာ ဖြစ်ပါသည်။ အမြင်နှံ့စပ်အောင် စာများများ ဖတ်ရမည်။ စာပေမှရသော အသိအမြင်ကို မိမိဘဝတွင် လက်တွေ့ထင်ဟပ် အသုံးချတတ်ရမည်။

အမြင် Vision ကောင်းစွာရှိနေလျှင် ထိုသူသည် မိမိ၏ ရောက်ရှိရပ်တည်နေသော နေရာကို သိ၏။ အချိန်ကာလကို သိ၏။ ထို့ကြောင့် မိမိနှင့် အသင့်တော် အဆီလျော်ဆုံးသော လုပ်ဆောင်စရာ လုပ်ငန်းတာဝန် Mission ကို ရွေးချယ်ချမှတ်၏။

အမြင်ရှိသည်။ သိသည်။

မိမိ၏ အလုပ်တာဝန်ချမှတ်လိုက်သည်။ ရှိပြီ။ မပြီးသေးပေ။

တကယ်လုပ်ရမည်။ ဆောင်ရွက်ချက် Action တစ်ခုခုရှိမှ အလုပ်ဖြစ်သည်။ ရွေ့ရမည်။ ရွေ့လျားမှုရှိရမည်။ ပြောင်းလဲမှုတစ်ခုခုရှိရမည်။ ယခုကျွန်တော်တို့လုပ်နေကြသည်။ နေ့စဉ်အလုပ်ဆင်းနေကြသည်။ လုပ်ငန်းခွင်ဝင်နေကြသည်။ တစ်နှစ်ရှိလျှင် . . .

ငါးနှစ်ကြာလျှင် ဘာဖြစ်မှာလဲ?

ဆယ်နှစ်ကြာလျှင် မိမိတို့ ဘာဖြစ်လာမလဲ။

နောင်အနှစ် ၂၀၊ ၃၀ ကြာသော် မိမိတို့ ဘယ်အခြေအနေကို ရောက်နေမှာလဲ။ ယနေ့အမြင်ကြည်လင်နေဖို့က အဓိကအရေးကြီးပေသည်။ မမြင်မကန်း စမ်းတဝါးဝါး ပြောဆို ရေးသားနေကြသည်များကို အလေးထားစရာမလို။

Vision, Mission, Action (Work) ဦးစွာပထမ အမြင်နှံ့စပ်အောင် ကျွန်တော်တို့ ဖြည့်ဆည်းကြရမည်။

တစ်ဦးချင်းအမြင်က ဘဝကို တက်စေ ကျစေပါလိမ့်မည်။

ကြိယာ သုံးမျိုး

နာမ်မှာ နာမ်အမျိုးအစား အမျိုးမျိုးရှိသည်။ နာမဝိသေသနမှာ အမျိုးအစားတွေရှိကြပေသည်။ ဘာသာဗေဒ၊ သဒ္ဒါအခြေခံမှာ သရုပ်ခွဲတတ်ရမည်။ ကြိယာမှာ (အင်္ဂလိပ်ဘာသာ၌) ကြိယာအမျိုးအစား သုံးမျိုးသာရှိ၏။

(၁) ရှိခြင်းကို ပြသော ကြိယာ Verb-to-have
(၂) လုပ်ခြင်းကိုပြသောကြိယာ Verb-to-do
(၃) ဖြစ်ခြင်းကိုပြသောကြိယာ Verb-to-be ဖြစ်ခြင်းပြကြိယာများမှာ am, is, are, was, were, be, been, being တို့ ရှိကြမည်။ ထားပါတော့။

လောကသဘာဝကလည်း ကြိယာများနှင့် သဘောတူ၏။ သုံးချက်ရှိ၏။ ရှိတာက စရမည်။ မိမိမှာဘာရှိသလဲ။

ရှိတာနှင့် လုပ်ရမည်။ ဘာဖြစ်ချင်တာလဲ။

ထို့နောက် ဖြစ်ချင်တာကိုဆိုက်ရောက်မည်။

ရှိခြင်းကိုအခြေခံပြီး လုပ်ခြင်းကိုမှန်ကန်စွာဆောင်ရွက်ပါက ဖြစ်ချင်သော ဖြစ်ခြင်းသို့ ရရမည်။ ဖြစ်ရမည်ပင်။

ပီသုံးလုံးအမြင်ရှိရမည်

(၁) **Policy** = **မူဝါဒ။** အထက်လူကချမှတ်သည်။
(၂) **Principle** = **ဥပဒေသ။** သဘာဝနိယာမ၊ သဘောတရား၊ ဆောင်ရန်ရှောင်ရန်။
(၃) **Procedure** = **ဆောင်ရွက်စဉ်။** လုပ်နည်းစနစ်။

၁။ Policy မူဝါဒ ဟူသည်မှာ ကောင်းချင်ကောင်းမည်။ ဆိုးချင်ဆိုးမည်၊ မှန်ချင်မှန်မည်။ မှားချင်မှားမည်။ အထက်ဌာနက လက်အောက်သို့ချမှတ်ပေးသော သဘောထားဖြစ်၏။ ဦးစားပေးသဘောဖြစ်၏။ အတတ်နိုင်ဆုံး လိုက်နာရန်ဖြစ်၏။ လုပ်ငန်းအောင်မြင်ရေးကို အထောက်အကူပြုပေးရမည်။

ဥပမာသာဓက(၁) ။ လူကြီးလာမည်။ အခန်းများကို သစ်လွင်အောင် နံရံဆေးသစ်သုတ်ခြင်းကိုမကြိုက်။ ဆေးနံ့ရှိနေပါက သူ အလုပ်ဖြောင့်ဖြောင့်မလုပ်နိုင်။ နှာခေါင်းက ဆေးနံ့ မခံနိုင်။ ထို့ကြောင့် Wall Paint အသစ်မသုတ်ရ။ ကပ်ပြီးမှ မပြာနှင့်။

ဥပမာသာဓက(၂) ။ လူကြီးက တောက်တဲ့အော်သံကြားလျှင် အိပ်ရေးပျက်တတ်သည်။ လူကြီးတည်းခိုမည့်ရိပ်သာနှင့် ပတ်ဝန်းကျင် သစ်ပင်တွေမှာ တောက်တဲ့မရှိစေရ၊ ပုတ်သင်၊ အိမ်မြှောင် ပြဿနာမရှိ၊ တောက်တဲ့များကို ကြိုတင်ရှာဖွေဖမ်းဆီးပြီး ရှင်းလင်းထားရ၏။

အလုပ်ခွင်အတွင်းမှာ အထက်လူကြီး၏ အကြိုက်နှင့်မကြိုက်များသည် လက်အောက်ဝန်ထမ်းအတွက် မူဝါဒများပင်ဖြစ်၏။ ထို့ကြောင့် မိမိလူကြီးတာဝန်ယူရသည့်အခါ လက်အောက်က လိုက်နာစေလိုသော မိမိ၏အကြိုက်နှင့်မကြိုက်အချက်များကို သိရှိအောင် ပြောထားသင့်၏။ စင်စစ်မူ ပေါ်လစီက မမြဲပါ။ လူပြောင်းလျှင် မူပြောင်း၏။ လက်ရှိမူကို ဆက်လုပ်ရမလား ချင့်ချိန်ပြီး လိုက်နာပါ။

ပေါ်လစီဟူသမျှကို ဘာမဆို မုန်းသူ၊ ဆန့်ကျင်ချင်သူ ရှိတတ်၏။ ထိုသို့ကလန်ကဆန်လုပ်လျှင် အလုပ်မမြဲ။ ပေါ်လစီကိုမလိုက်နာပါက အဖြုတ်၊ အထုတ် ခံရတတ်၏။ အချုပ်အချယ် ခံရတတ်၏။ အခြေအနေအရ မူဝါဒသည် ပြောင်းလဲနေတတ်၏။ ဆောင်ရန်နှင့်ရှောင်ရန်ကို သိပါစေ။ မူဝါဒနမူနာများကို ဖော်ပြပါမည်-

၁။ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရေး
၂။ အားကြိုးမာန်တက်အလုပ်လုပ်ရေး
၃။ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် ဆောင်ရွက်ရေး
၄။ မှန်ကန်သောစေတနာနှင့် ပေါင်းစပ်ဆောင်ရွက်ရေး
၅။ ဝန်ထမ်းအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး
၆။ လုပ်ငန်းအောင်မြင်ရေးတီထွင်ကြံဆလုပ်ကိုင်ရေး
၇။ ဌာနပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိရေး

သတိ။ အမြဲတမ်းရန်သူဟုမရှိ၊ အမြဲတမ်းမိတ်ဆွေဟုမရှိ။

၂။ Principle ဥပဒေသ (ဝါ) အခြေခံသဘောတရား

မည်သည့်အလုပ်မဆို အခြေခံသဘောတရားရှိပေသည်။ ယင်းတို့ကို သိအောင်ရှာဖွေ၍ လိုက်နာကျင့်သုံးရမည်။ သို့မှသာ အောင်မြင်မည်။

(က) **ပြောက်ကျားစစ်** မှာ ဤအခြေခံသဘောတရား(၈)ရပ်ရှိသည်။

(၁) ရန်လာငါဆုတ်
(၂) ရန်ဆုတ်ငါလိုက်
(၃) သူနားငါရှုပ်
(၄) သူမော ငါတိုက်။
(၅) ပြည်သူ့ကြားမှာ တပ်ဖျောက်
(၆) ရန်သူ့ရိက္ခာ တို့ရိက္ခာ
(၇) ရန်သူ့လက်နက် တို့လက်နက်
(၈) အမာရှောင် အမွတိုက်

(ခ) နမူနာ။ **အောင်မြင်မှုဆီတက်လှမ်းချီ** Ten Steps to Success

(၁) ကျန်းမာခြင်း
(၂) ရိုးသားဖြောင့်မှန်ခြင်း
(၃) ယဉ်ကျေးသိမ်မွေ့ခြင်း
(၄) သတ္တိရှိခြင်း
(၅) တီထွင်ကြံဆအမြဲသုတေသန
(၆) သူတစ်ပါးကို ကူညီတတ်ခြင်း
(၇) ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်နေတတ်ခြင်း
(၈) ပြုံးရွှင်ခြင်း
(၉) အရေးကြီးတာ အရင်လုပ်၊ ခုလုပ်
(၁၀) အကောင်းဆုံးလုပ်ဆောင်လေ့ရှိခြင်း

> ❖ **စာများများဖတ်ရမည်။ ချင့်ချိန်ဝေဖန်သုံးသပ်ရမည်။ အသိအမြင်ကျယ်လျှင် အရာရာ အလွယ်တကူအောင်မြင်သည်။ မဟုတ်ပါလား။**
>
> ❖ **အတတ်ပညာတစ်ခုချင်းကို စိတ်ဝင်စားစွာ အချိန်ပေး၍ လေ့ကျင့်သွားရမည်။ အတတ်ပညာထူးချွန်မှ ပညာချမ်းသာ၍ နေရာကောင်းရ၏။**

ကျန်းမာအသက်ရှည်ရေး၊မိသားစုဘဝပျော်ရွှင်ရေး၊ ဘဝအဆင့်အတန်းမြင့်မားရေး၊ ရာထူးတိုးရေး၊ ချမ်းသာရေး စသည့်ပန်းတိုင်အမျိုးမျိုးတို့မှာ အခြေခံသဘောတရား၊ အခြေခံဥပဒေသများ ရှိနေကြပါသည်။ မြင်အောင်ကြည့်ရမည်။ သိအောင် ရှာဖွေရမည်။ လက်တွေ့ လိုက်နာရမည်။

(ဂ) ရာထူးတိုးမြှင့်ရေး(စဉ်းစားသော)အခြေခံ

(၁) ယုံကြည်စိတ်ချရခြင်း Trust worthiness
(၂) လုပ်ငန်းကျွမ်းကျင်မှုနှင့်အတွေ့အကြုံ(လုပ်သက်)
(၃) ပေါင်းသင်းဆက်ဆံရေး
(၄) ခေါင်းဆောင်မှု
(၅) တာဝန်ကို တိုးမြှင့်ထမ်းဆောင်လိုစိတ်

(ဃ) ဥစ္စာစီးပွားကြီးပွားချမ်းသာစေသော စက် ၄ ပါး

(၁) ကြီးပွားစေနိုင်သော အရပ်ဒေသမှာ နေခွင့်ရခြင်း
(၂) ရှေးကပြုဖူးသော ကောင်းမှုရှိခဲ့ခြင်း
(၃) မိတ်ကောင်းဆွေကောင်း အမှီအခိုကောင်းရှိခြင်း
(၄) မိမိကိုယ်၊ စိတ်၊ နှလုံးကို အကောင်းဆုံး စောင့်ရှောက်ထိန်းသိမ်းခြင်း(အခြေခံအကျဆုံးသောအချက်)

(င) ခေါင်းဆောင်မှု ဥပဒေသ

"စံနမူနာပြသပါ" ခေါင်းဆောင်မှုအောင်မြင်ပြီ။ စံနမူနာ ရှေ့က မပြသနိုင်သမျှကာလပတ်လုံး ခေါင်းဆောင်မှုကို မရသေး။ အခြေခံဥပဒေသက ဘာလုပ်ရမှာလဲဟူသောအချက် Point ကို တိတိကျကျ ပြဆိုပါသည်။

၃။ Procedure **ဆောင်ရွက်စဉ်။** ဘယ်လိုလုပ်ရမှာလဲသိခြင်းအတတ်။

မည်သည့် အလုပ်မဆို ဆောင်ရွက်စဉ်ရှိသည်။ မြင့်မားသော အဆောက်အအုံတစ်ခုကို ဆောက်လုပ်မည်ဆိုလျှင် အုတ်မြစ်ကို ခိုင်မာအောင် နက်နက်တူးရမည်။ အုတ်မြစ်အရင်ချရသည်။ အခင်း၊ အမိုး၊ အကာစသည်ဖြင့် အစီအစဉ်တကျ လုပ်ဆောင်ရသည်။

ဥပမာ ။ **Formula of Problem Solving** ပြဿနာရှင်းပုံ

၁။ Aim — ရည်ရွယ်ချက်တိကျစွာ သတ်မှတ်ရေးချ။
၂။ Factors — အကျုံးဝင်သော အချက်များ အမှတ်စဉ်ထိုး၍ ရေးသား၊ ဦးစားပေးအကြီးအသေး ရှေ့နောက်စဉ်ထားပါ။
၃။ Deduction — ဖော်ထုတ်ချက်များ အမေးအဖြေဖြင့် အဆင့်ဆင့် သုံးသပ်အဖြေရှာ။
၄။ Means — နည်းလမ်းများ စဉ်းစားရှာဖွေ၊ အကောင်းဆုံးနည်းတစ်ခုကို ရွေးချယ်ပါ။
၅။ Plan — စီမံချက်ရေးဆွဲပြင်ဆင်။

(a) Information or Situation သတင်း
(b) Objective ရည်ရွယ်ချက်
(c) Method လုပ်နည်း
(d) Administration and Logistic အုပ်ချုပ်ရေးနှင့် ထောက်ပံ့မှု
(e) Command and Communication ကွပ်ကဲမှုနှင့် ဆက်သွယ်ရေး

မူဝါဒ၊ အခြေခံသဘောတရား(သို့) ဥပဒေသနှင့် ဆောင်ရွက်စဉ်ဟူသော ပီသုံးလုံးကို မည်သည့်လုပ်ငန်းမှာမဆို သဲကွဲထင်ရှားအောင် ရှေးဦးစွာ လေ့လာဆည်းပူးပါ။ သုတေသနပြု၍ ရှာဖွေပါ။ သိပြီဆိုပါက လက်တွေ့လိုက်နာကျင့်သုံးရပါမည်။

1.Policy=Dos and Don'ts
2.Principle=What to do
3. Procedure=How to do

စာများများ ဖတ်ရမည်။ ချင့်ချိန်ဝေဖန်သုံးသပ်ရမည်။ အသိအမြင်ကျယ်လျှင် အရာရာအလွယ်တကူ အောင်မြင်သည်။ မဟုတ်ပါလား။

အတတ်ပညာတစ်ခုချင်းကို စိတ်ဝင်စားစွာ အချိန်ပေး၍ လေ့ကျင့်သွားရမည်။ အတတ်ပညာထူးချွန်မှ ပညာချမ်းသာ၍ နေရာကောင်းရ၏။

နိဂုံး

အမြင်နှံ့စပ်သူအတွက် အရာရာမှာ အလွယ်သာ လွယ်ကူချောမွေ့စွာ အောင်မြင်ပြီးစီးပါသည်။ အမြင်ကျဉ်းသူ၊ ကြည်ကြည်လင်လင် သဲသဲကွဲကွဲ မမြင်သူတို့မှာ ဘာတွေဘာကြောင့် ဘယ်လိုဖြစ်နေတာလဲ ကောင်းစွာသဘောမပေါက်။ သူက ရောက်တတ်ရာရာ စိတ်ထင်ရာပြောသည်။ ရေးသည်၊ ဘာမှလည်း အဆီအနှစ်မပါ။ ဖြစ်တတ်ပါသည်။ အလွဲလွဲအချော်ချော်နှင့် ခရီးမရောက်။ ယခုမူ သဲသဲကွဲကွဲ ထင်ထင်ရှားရှား နားလည်သဘောပေါက်သွားပြီ။

အသိပညာဗဟုသုတ ကျယ်ပြန့်စေရန်နှင့် အတတ်ပညာပြည့်ဝစေရန် လူတိုင်းသည် အရွယ်မရွေး ကြိုးပမ်းနေရမည်သာ ဖြစ်ပါသည်။ ။

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ရပ်စောက် အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ပင်ဖြစ်စံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦး၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ထွန်းလှ၊ မာဃမြင့် ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်တို့က ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရပ်စောက်မှ ပင်ဖြစ်သို့ လျှပ်စစ်ဓာတ်အားသွယ်ယူခဲ့ရသော မိုင်ပေါင်း ၁၇ ဒသမ ၃၇ မိုင်ရှိပြီး ရရှိသောဗို့အား ၁၁၀၀၀ကို ၃၁၅ ကေဗွီအေထရန်စဖော်မာ ငါးလုံး၊ ၂၀၀ ကေဗွီအေထရန်စဖော်မာ နှစ်လုံး၊ ဖြန့်ဖြူးဓာတ်အားလိုင်း အရှည်ပေ ၉၁၈၇၅၀ ဖြင့် အကျိုးပြု ရွာ ၁၀ရွာအတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းမရှိဘဲ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု ကျေးရွာအဝင် မင်းလမ်းကတ္တရာ ထပ်ပိုးလွှာခင်းရန်အတွက် ပိန်းဇလုပ်ဒေသအသင်း (ယာယီ) ရန်ကုန်မြို့က ငွေကျပ်သိန်း ၃၀ ကို အောက်တိုဘာ ၁၃ ရက်က ယင်းကျေးရွာအုပ်စုနေ ဒေါ်သန်းသန်းဝင်း (စိန်ဆေးလိပ်ခုံ)နေအိမ်၌ ပေးအပ်လှူဒါန်းရာ ပိန်းဇလုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစန်းအောင် လက်ခံယူစဉ်။ ပိန်းဇလုပ် - သိန်းညွန့်

ပြည်သူ့လွှတ်တော်အစည်းအဝေး

လျှပ်စစ်ဥပဒေသစ် အတည်ပြုပြဋ္ဌာန်းပြီးလျှင် အာဆီယံနိုင်ငံများအတွင်းကျင့်သုံးလျက်ရှိသော စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးနဝမနေ့ကို အစီအစဉ် (၇)ခု ဖြင့်ဆောင်ရွက်ခဲ့ပြီး ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **လျှပ်စစ်နှင့်အီလက်ထရွန်နစ် ပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်းများနှင့် ပတ်သက်၍ သဘောတူညီချက်အပေါ် ဆောင်ရွက်ပြီးစီးမှုကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေကက Mutual Recognition Agreement(MRA) သည် သဘောတူညီချက်မဟုတ်ဘဲ အစီအစဉ်သာဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် တည်ဆဲလျှပ်စစ်ဥပဒေ(၁၉၈၄)အရ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ခေတ်ကာလနှင့်လိုက်လျောညီထွေသော လျှပ်စစ်ဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲနေပါကြောင်း၊ ယင်းဥပဒေသစ် အတည်ပြုပြဋ္ဌာန်းပြီးမှသာလျှင် အာဆီယံနိုင်ငံများအတွင်း လက်ခံကျင့်သုံးလျက်ရှိသော နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို ဆက်လက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးစစ်ဆေးနေသည့် လျှပ်စစ်စံချိန်စံညွှန်းမရှိသေးသဖြင့် ပြုပြင်ပြင်ဆင်ရန်မလိုအပ်ဘဲ အာဆီယံက ညှိနှိုင်းထားသော နိုင်ငံတကာစံချိန်စံညွှန်းကို တိုက်ရိုက်လက်ခံကျင့်သုံးနိုင်သည့် နည်းစဉ်ကို လက်ခံနိုင်ကြောင်းဖြင့် သဘောထားမှတ်ချက်ပေးခဲ့ပါကြောင်း၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနအနေဖြင့် ယင်းစံချိန်စံညွှန်းများကို တိုက်ရိုက်လက်ခံအတည်ပြုရေးအတွက် အစီအမံများဆောင်ရွက်နေပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အောက်တိုဘာ ၇ ရက်က မေးမြန်းခဲ့သော မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင်၏ **အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ဘဏ်များအနေဖြင့် ချေးငွေထုတ်ပေးရန် သင့်၊ မသင့် ကွင်းဆင်းစစ်ဆေးသည့်အခါ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်သည် စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် ထောက်ခံထားခြင်းဖြစ်ပါသောကြောင့် သီးခြားထောက်ခံချက်ထပ်မံထုတ်ပေးရန် လိုအပ်မည်မဟုတ်ပါကြောင်းနှင့် မြို့နယ်အလိုက် စက်မှုလုပ်ငန်းစာရင်းများကိုလည်း ဖြန့်ဝေလျက်ရှိသည့်အတွက် အသိပေးကြော်ငြာစာထုတ်ပြန်ပေးရန် လိုအပ်ခြင်းမရှိပါကြောင်းဖြင့် ထပ်မံဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားမှုနှင့်ပတ်သက်၍ **အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး**က "အခွန်အခတွေကို လုံးဝလျှော့ချတာမျိုးဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အတွက် အခွန်အခလျော့နည်းမှုတွေ ဖြစ်သွားမှာစိုးရိမ်တဲ့အတွက် မသင့်ဘူးလို့ ဖြေသွားပါတယ်။ ချေးငွေနဲ့ပတ်သက်လို့ ထုတ်ချေးတဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိဖို့ ကျွန်တော်တို့လိုလားပါတယ်။ နောင်မှာ ရန်ကုန်မှာ ဘယ်နှဦး၊ မန္တလေးမှာ ဘယ်နှဦးဆိုပြီး ဖြေပေးမယ်ဆိုရင် လွန်စွာအားရကျေနပ်ရမှာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေးဒသမနေ့ကို အောက်တိုဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

သတ်မှတ်ချက်များနှင့်ကိုက်ညီပါက လာမည့်ပညာသင်နှစ်တွင် ကျောင်းများအဆင့်တိုးမြှင့်ပေးရန် ဦးစားပေးအစီအစဉ်တွင် ထည့်သွင်းစိစစ်ဆောင်ရွက်ပေးမည်

နေပြည်တော် အောက်တိုဘာ ၁၄

၁၉၂၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ (၈၅)နှစ်တာ ကာလအတွင်း သစ်တောဖုံးလွှမ်းမှု၏ ၁၉ ရာခိုင်နှုန်း ဆုံးရှုံးသွားခြင်းကြောင့် နှစ်စဉ် ဆုံးရှုံးမှုရာခိုင်နှုန်း များပြားလာသည်ကို ရပ်တန့်သွားစေရန် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

သစ်တောကဏ္ဍမှ နိုင်ငံခြားငွေရရှိရေးဦးတည်ချက်ဖြင့် သစ်အလုံးလိုက် ထုတ်လုပ်ရောင်းချတင်ပို့ခြင်းကို လက်ရှိစာချုပ်ပါ ကတိကဝတ်များအရ ဆောင်ရွက်ပြီးနောက် ၂၀၁၄ ခုနှစ် မတ်လကုန် ဧပြီပထမပတ်တွင် ရပ်ဆိုင်းတော့မည်ဟု ထုတ်ပြန်ထားသော်လည်း လက်တွေ့ကျကျ စီမံဆောင်ရွက်ရန်နှင့် သစ်တောထွက်ပစ္စည်းများ သစ်လုံးလက်ကျန်များ မှန်ကန်မှု ရှိ/မရှိနှင့် ထပ်မံတိုးချဲ့ ထုတ်လုပ်ခြင်းဖြင့် ရောထွေးလုပ်ဆောင်လာနိုင်မှုများကို တိတိကျကျ ကာကွယ်ဆောင်ရွက်သင့်ပါကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် **"သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem) နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်းသစ်တောနယ်မြေများ** (Permanent Forest Estate -PFE) **ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေး၌ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ဖြေကြားရာတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်း၏ **"လက်ပံတန်းမြို့နယ် ထိန်သာယာကျေးရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာခရိုင်၊ တိုင်းဒေသကြီးနှင့် ဦးစီးဌာနတို့က စိစစ်တင်ပြလာလျှင် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက လာမည့် ပညာသင်နှစ် ၂၀၁၄ ခုနှစ်အတွင်း ကျောင်းများအဆင့် တိုးမြှင့်ပေးရန် ဦးစားပေးအစီအစဉ်တွင် ထည့်သွင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၏ **"မြောက်ဦးမြို့နယ် နတ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်) ကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် လိုအပ်သည့်အချက်အလက်များကို မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် ခရိုင်၊ ပြည်နယ်နှင့်ဦးစီးဌာနတို့က စိစစ်ပြီး ဦးစားပေးအစီအစဉ်တွင် လျာထားနိုင်ရေး တင်ပြထားရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် အချက်အလက်များပြည့်စုံပါက ၂၀၁၄ ခုနှစ်အတွင်း ကျောင်းများအဆင့် တိုးမြှင့်ပေးရန် ဦးစားပေးအစီအစဉ်တွင် ထည့်သွင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်လည်းကောင်း ဖြေကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်၏ **"ကလေးမြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော အထူးကုဆရာဝန်များ အစားထိုးခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီး(မျက်စိ) သို့မဟုတ် အထူးကုဆရာဝန်(မျက်စိ)တို့အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ခန့်ထားပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို အောက်တိုဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေအား ဥရောပသမဂ္ဂရုံးမှ Minister- Counsellor လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဥရောပသမဂ္ဂရုံးမှ Minister- Counsellor Andreas List ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် ကော်မတီဆောင်အမှတ်(၂၀)ရှိ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး ဥရောပသမဂ္ဂပါလီမန်နှင့်မြန်မာလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူး ပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်ခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

▲ ရှေ့ဖုံးမှ

အနောက်နိုင်ငံများမှ ဝင်ရောက်မှုမှာလည်း လွန်ခဲ့သည့်နှစ်များကနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့ပြီး ခရီးသွားရာသီစချိန်ယခုကာလများ၌ မျှော်မှန်းထားသည်ထက် ပိုမိုဝင်ရောက်လာနိုင်ဖွယ်ရှိနေကြောင်း သိရှိရသည်။

"ထိုင်းနိုင်ငံက ခရီးသွား ဝင်ရောက်မှုက အခြားနိုင်ငံထက်စာရင် နှစ်တိုင်း ပိုမိုများပြားပါတယ်။ နယ်နိမိတ်ချင်းကလည်း ဆက်စပ်နေပြီး စီးပွားရေးလာရောက်လုပ်ကိုင်သူတွေ၊ အပန်းဖြေလာရောက်သူတွေ အများဆုံးဝင်ရောက်ကြတာဖြစ်ပြီး ယခုနှစ် ဆန်းကနေ စက်တင်ဘာလကုန်အထိ စာရင်းဇယားတွေအရ ထိုင်းနိုင်ငံက ခရီးသည် ၇၄၁၃၇ ဦး ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ ထိုင်းလူမျိုး အများစုကလည်း ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ခရီးသွားလာမှုရဲ့ အဓိကအကြောင်းကတော့ ဘုရားဖူးခရီးစဉ်တွေဖြစ်ပြီး ဒုတိယအများဆုံးကတော့ စီးပွားရေး လာရောက်လေ့လာခြင်းဖြစ်ပါတယ်"ဟု တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

စာရင်းထုတ်ပြန်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယခုနှစ်စမှ စက်တင်ဘာလကုန်အထိ ဝင်ရောက်ခဲ့သည့် နိုင်ငံခြားသား ခရီးသွားအရေအတွက် စုစုပေါင်းမှာ ၄၉၃၃၉၃ ဦးရှိခဲ့ပြီး အာရှတွင်း ခရီးသွားအရေအတွက် ၃၂၈၉၉၇ ဦး ရှိခဲ့ကာ အမေရိကန်၊ ဥရောပအပါအဝင် အခြားနိုင်ငံအသီးသီးမှ ဝင်ရောက်သူဦးရေ ၉၅၂၇၇ ဦးရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စာရင်းထုတ်ပြန်ထားသည်။

ခန့်မှန်းထား

ထိုင်းနိုင်ငံသားများအပြင် ဂျပန်နိုင်ငံမှလာရောက်သည့် ခရီးသည်အရေအတွက်မှာလည်း မြင့်တက်လျက်ရှိပြီး စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ရန် လာရောက်လေ့လာသူဦးရေများပြားခြင်းကြောင့် ကျန်ရှိသည့် ခရီးသွားရာသီလများအတွင်း အဝင်အများဆုံးနိုင်ငံအနေနှင့် ဂျပန်နိုင်ငံ ခရီးသွားဦးရေ မြင့်တက်လာနိုင်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ခန့်မှန်းထားသည်။

ပြည်တွင်းသတင်း

နိုင်ငံဖြတ်ကျော်မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ နိုင်ငံ ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဦးဆောင်ပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး ချိန်ဒိုင်ကွမ်း ဦးဆောင်သည့် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့်မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဗီယက်နမ်နိုင်ငံ၊ ပြည်သူ့လုံခြုံရေးရာဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး နှစ်နိုင်ငံအကျိုးတူကိစ္စများဖြစ်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေး၊ လက်နက်ခဲယမ်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ အဆိပ်ဖြစ်စေတတ်သော အရာများ တရားမဝင်ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းရေး ကိစ္စရပ်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ကုန်ကူးမှုများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးများကို တရားဝင်ပြုလုပ်မှုများစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ အနေဖြင့် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန်နှင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ အထူးသဖြင့် ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်တွင် ဒေသတွင်းပြဿနာများကို ကိုင်တွယ်ဖြေရှင်းရေးတို့အတွက် လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို နှစ်နိုင်ငံအကြား မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ရည်မှန်းချက်များထားရှိပြီး ပထမအကြိမ် ဝန်ကြီးအဆင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး ချိန်ဒိုင်ကွမ်းတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့လေကြောင်းနှင့် ဒိန်းမတ်ကုမ္ပဏီတို့ ပူးပေါင်း၍ ရန်ကုန် – ညောင်ဦး – မန္တလေး လေယာဉ်ခရီးစဉ် စတင်ပျံသန်း

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာ့လေကြောင်းနှင့် ဒိန်းမတ်နိုင်ငံ World Ticket ကုမ္ပဏီတို့ ပူးပေါင်း၍ ရန်ကုန်-ညောင်ဦး-မန္တလေး လေယာဉ်ခရီးစဉ်ကို ခရီးသည် ၁၂၇ ဦး တင်ဆောင်နိုင်သည့် ဘရာဇီးလ်နိုင်ငံထုတ် EMBRAER 190 လေယာဉ်ဖြင့် ယနေ့နံနက်ပိုင်းက စတင်ပြေးဆွဲသည်။ **(ယာပုံ)**

ယနေ့ ခရီးစဉ်သို့ ပြည်တွင်းခရီးသည် ၃၅ ဦးနှင့် နိုင်ငံခြားသားခရီးသည် ၃၇ ဦးတို့ လိုက်ပါစီးနင်းခဲ့ကြသည်။

သတ်မှတ်ထား

လေကြောင်းလိုင်းပြေးဆွဲခြင်း အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ အထူးနှုန်းဖြင့် နိုင်ငံသားနှင့် နိုင်ငံခြားသားများဟူ၍ နှစ်မျိုးခွဲခြား သတ်မှတ်ပြေးဆွဲပေးရာတွင် နိုင်ငံသားများအတွက် ရန်ကုန်-ညောင်ဦးခရီးစဉ် ၃၃၀၀၀ ကျပ်နှင့် နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ ၅၅ ဒေါ်လာ၊ ညောင်ဦး-မန္တလေးခရီးစဉ် ၁၉၀၀၀ ကျပ်နှင့်နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ ၂၉ ဒေါ်လာ၊ ရန်ကုန်-မန္တလေးခရီးစဉ် ၃၅၀၀၀ ကျပ်နှင့် နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ ၅၉ ဒေါ်လာ သတ်မှတ်ထားကြောင်း သိရသည်။

ယင်းလေကြောင်းလိုင်းအနေဖြင့် ယခုခရီးစဉ်သို့ ပြေးဆွဲရခြင်းမှာ ယဉ်ကျေးမှု အမွေအနှစ်ဒေသများဖြစ်ကြသော ညောင်ဦး-မန္တလေး-ဟဲဟိုး စသည့် ဒေသများသည် နိုင်ငံခြားခရီးသွားလာမှုများတာကြောင့် ကမ္ဘာက မြန်မာကိုသိဖို့ ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ကြောင်း၊ မြန်မာ့လေကြောင်းစီးပွားရေးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်ငြိမ်းက ပြောသည်။

"မြန်မာခရီးသွားလုပ်ငန်းမြှင့်တင်ဖို့၊ မြန်မာ့လေကြောင်းအကျိုးစီးပွားတိုးတက်မြှင့်မားဖို့ ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်လေကြောင်းလိုင်းဖြစ်တာနှင့်အညီ မြန်မာ့လေကြောင်းအကျိုးစီးပွား တိုးတက်မြှင့်တင်ခြင်းဖြစ်သလို နိုင်ငံတော်အကျိုးစီးပွားကို ကာကွယ်ပြီးသားဖြစ်မှာပါ။ နိုင်ငံခြားခရီးသွားများ လွယ်ကူအဆင်ပြေအောင် ခရီးသွားဖို့အတွက် ယခုခရီးစဉ်ကို ပြေးဆွဲပေးခြင်းဖြစ်သလို နောက်ခရီးစဉ်များကို ဆက်လက်ပျံသန်းဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

စီမံဆောင်ရွက်ထား

မြန်မာ့လေကြောင်းအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့ပေါင်း ၂၅ မြို့၌ လက်ရှိပြေးဆွဲလျက်ရှိသည်။ ပြောင်းလဲတိုးတက်သည်နှင့်အမျှ လေယာဉ်နှင့်ခရီးစဉ်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလတွင် ATR,72-500 လေယာဉ်အသစ်နှင့် နိုဝင်ဘာလတွင် Grand Caravan နှင့် Cessna အမျိုးအစား လေယာဉ်နှစ်စီး ထပ်မံရောက်ရှိလာမည်ဖြစ်သည်။ အဆိုပါလေယာဉ်များဖြင့် မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်ကို အခြေပြုကာ သွားလာမှုခက်ခဲသောနယ်မြေများရှိ ကွင်းတိုများတွင် ပျံသန်းပြေးဆွဲရန်လည်း စီမံဆောင်ရွက်ထားကြောင်း သိရသည်။

MYANMAR AVIATION CENTER မှ Mr.Christion Mosebach က"မြန်မာ့လေကြောင်းနှင့် World Ticket ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတွေ အကုန်လုံး Online မှာ လွယ်လွယ်ကူကူ Vote လုပ်နိုင်သလို လွယ်လွယ်ကူကူ လက်မှတ်ထုတ်နိုင်တယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ Online Distribution ပတ်သက်ပြီး Global Distribution လုပ်တဲ့ Connect နဲ့ ချိတ်ဆက်ထားတာကြောင့် တစ်ကမ္ဘာလုံးက ခရီးသည်တွေ လွယ်ကူစွာဝယ်နိုင်သလို ခရီးသွား အေဂျင့်တွေကလွယ်လွယ်ကူကူ ရောင်းချလို့ရတယ်။ Online System အဖြစ် စဉ်းစားပြီး မြန်မာ့လေကြောင်းနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်သွယ်မှာယူ

အဆိုပါ လေယာဉ်လက်မှတ်များကို www.myanmar air waysaero သို့ ဆက်သွယ်မှာယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အများပြည်သူများသို့ လုံခြုံရေးအသိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း အောက်တိုဘာ ၁၃ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်က အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်း စော်ဘွားကြီးကုန်း ကားမှတ်တိုင်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးကို ရှင်းလင်းနိုင်ခြင်းနှင့် ယင်းနေ့တွင်ပင် ညနေ ၅ နာရီ မိနစ် ၄၀ က သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက် ယမုံနာလမ်း အခွန်လွတ်ဈေးရှေ့ လမ်းဘေးပလက်ဖောင်းအနီးရပ်ထားသည့် နောက်တွဲယာဉ်အောက်တွင် တွေ့ရှိသည့် ကြွပ်ကြွပ်အိတ်အမည်းဖြင့် ထုပ်ထားသည့် အထုပ်အား ထက်နိုင်အောင် (၁၄ နှစ်)နှင့် ဝင်းမင်းထွေး (၁၄ နှစ်)တို့က ၎င်းအိတ်အတွင်းရှိ နာရီလက်တံအားလှည့်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၎င်းလူငယ်နှစ်ဦးတွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြကြောင်း သိရသည်။

တိုက်တွန်းနှိုးဆော်

ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏လမ်းညွှန်ကြီးကြပ်မှုဖြင့် တိုင်း/ခရိုင်/မြို့နယ်များတွင် လုံခြုံရေးတိုးမြှင့်ချထားဆောင်ရွက်လျက်ရှိပြီး အများပြည်သူများအနေဖြင့် ဘူတာများ၊ ကားဝင်းများ၊ ကားဂိတ်များ၊ သဘော်ဆိပ်များ၊ လူစည်ကားရာနေရာများနှင့် လမ်းကြိုလမ်းကြားများတွင် မသင်္ကာအထုပ်များတွေ့ရှိပါက ဖွင့်ဖောက်ခြင်းများမပြုလုပ်ဘဲ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံနှင့် မြို့နယ်ရဲစခန်းများသို့ ချက်ချင်းသတင်းပို့ပေးကြရန်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း မိမိရပ်ကွက်ရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအား ဆက်လက်သတင်းပေးပို့ပေးနိုင်ရေးအသိပေးအကြောင်းကြားထားပေးပါရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မေတ္တာရပ်ခံလိုက်သည်။ အများပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ ပြည်သူများ အထိတ်တလန့်ဖြစ်အောင်နှင့် ထိခိုက်ဒဏ်ရာရသေစေအောင် အဖျက်အမှောင့်လုပ်ငန်းဖြစ်သည့် ပေါက်ကွဲမှုများဖြစ်ပေါ်အောင် လုပ်ဆောင်နေသူများအား ဝိုင်းဝန်းကူညီပူးပေါင်းပါဝင်ဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံအပ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

စိုးဝင်း(SP)

စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆု ပထမဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၄

စာပေဗိမာန် စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူစာပေဆုပြိုင်ပွဲများတွင် ပထမဆုရရှိသောစာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါ စာအုပ်များမှာ ၂၀၁၀ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ကလေးစာပေဆုရ ကန့်ဘလူ ခင်မောင်ဆွေ၏ ခေါင်းလောင်းချိုလွင် တေးသံစဉ် ကလေးကဗျာများ(ရောင်းဈေး ၁၂၀၀ ကျပ်)၊ ၂၀၁၀ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု ပြဇာတ်စာပေဆုရ မောင်ဆန္ဒ (လယ်ဝေး) ၏အရပ်ထဲ ဇာတ်ပွဲကရာ (ရောင်းဈေး ၇၀၀ ကျပ်)၊ ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူစာပေဆု ကျမ်းစာပေဆုရ မောင်မောင်ချစ်ဦး (မုံရွာ)၏ အင်းဆားရဲ့ အင်းလေး (ရောင်းဈေး ၁၂၀၀ ကျပ်)၊ ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ်ဆုရ မြေလတ်မင်းလွင်၏ သစ္စာငှက်များ မိုးသို့တိုင် ကဗျာများ (ရောင်းဈေး ၁၁၀၀ ကျပ်)၊ ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူစာပေဆု ဝတ္ထုရှည်ဆုရ ပုသိမ်အောင်သန်းဦး၏ မြန်မာ့ဂုဏ်ရည် စိန်ထွန်းကြည် (ရောင်းဈေး ၇၀၀ ကျပ်)နှင့် ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူစာပေဆု သုတေသနစာပေဆုရ ဒေါက်တာယဉ်ယဉ်ထွန်း၏ မြန်မာ့ရိုးရာ ရေနံလက်တွင်း တူးပညာ (ရောင်းဈေး ၅၀၀ ကျပ်)တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၄၁၄၆၈၁၊ မန္တလေးမြို့ ၈၆ လမ်း၊ ၃၁ လမ်း ၃၂ လမ်းကြားရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားများဖြစ်

နေပြည်တော် အောက်တိုဘာ ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်(**ယာပုံ**)သည် အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည့် Preparation and Strengthing of SME Development for AEC 2015 Workshop ၌ အမှာစကားပြောကြားရာတွင် အာဆီယံနိုင်ငံများ သဘောတူညီခဲ့သည့် ASEAN Economic Community (AEC) သည် ၂၀၁၅ ခုနှစ်မှစပြီး အသက်ဝင်လှုပ်ရှား လာတော့မည်ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ Institutions များ၊ Resources များနှင့် လူအများသည် ASEAN Economic Community (AEC) ထဲကို ဝင်ရောက်လာပြီးအာဆီယံ၏ ထုတ်လုပ်မှုကွန်ရက် တစ်ခုတည်းသော ဈေးကွက်တွင် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်သည့်အတွက် အခွင့်အလမ်းကောင်းများရှိသလို များစွာသော ပြဿနာများလည်း မိမိတို့စီးပွားရေး၊ လူမှုအသိုင်းအဝိုင်းမှာ တိုးပွားလာမှာဖြစ်ကြောင်း၊ မြန်မာ SME များအနေဖြင့် အခြားသော

အာဆီယံ SME စီးပွားရေးလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ကမ္ဘာ့အဆင့်မီ စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ အာဆီယံ၏ ကွန်ရက် Global Supply Chains တွင် အတူတကွ ပူးပေါင်းနိုင်ရေးနှင့် ကောင်းမွန်သည့် Policy, Environment တွင် လုပ်ငန်းလုပ်ကိုင်မှု လွယ်ကူရေးတို့ကို ပံ့ပိုးဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ၂၀၁၅ AEC သွင်ပြင်လက္ခဏာများကို မြန်မာ SME လုပ်ငန်းရှင်တိုင်းသိရှိနားလည်သဘောပေါက်ကြစေရေး၊ တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှုအခြေခံဒေသတွင်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် သိသင့်သိထိုက်သောအချက်များကို သဘောပေါက်လာကြစေရန်၊ AEC ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာမည့်အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအတွက် မြန်မာ SME များအနေဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီး ရင်ဆိုင်အနိုင်ယူကြစေရန်၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ မူဝါဒချမှတ်သူများအကြား အသိအမြင်ဗဟုသုတများဖလှယ်ပြီး ပူးပေါင်းအဖြေရှာခြင်းဖြင့် AEC ကို အောင်မြင်စွာ ရင်ဆိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူတစ်ဦးချင်းနှင့် အိမ်ထောင်စုအလိုက် ဝင်ငွေတိုးတက်စေဖို့နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်း (SME) များသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အား (Prime Mover)များ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများသာမကအနောက်နိုင်ငံများတွင်ပါ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် SME များ ဖြစ်သည့်အတွက် SME များသည် နိုင်ငံတိုင်း၏ အဓိကကျောရိုးသဖွယ် ဖြစ်နေသည်ကို ထင်ထင်ရှားရှားတွေ့မြင်ကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ Friedrich Naumann Foundation (FNF) မှ Mrs. Katrin Bannach နှင့် German International Cooperation (GIZ) မှ Mrs. Irina Scheffmann တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆု စီးပွား၊ ကူးသန်းအသင်းဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၁၄

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲကို ရန်ကုန်မြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည်။ ပြိုင်ပွဲပြီးမြောက်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော စီးပွား/ကူးသန်းအသင်း ဆုယူအပြီး အောင်ပွဲခံစဉ်။

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်တို့တက်ရောက်ခဲ့ကြပြီး တံခွန်စိုက်ဒိုင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းမှ ဆွတ်ခူးရရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေက တံခွန်စိုက်ဆုကို ချီးမြှင့်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းသည် ယခုပြိုင်ပွဲ၌ ရွှေတံဆိပ် ၃၇ ဆု၊ ငွေတံဆိပ် ၂၀ ဆုနှင့် ကြေးတံဆိပ် ၁၆ ဆုတို့ဆွတ်ခူးရရှိခဲ့ရာ စုစုပေါင်း ဆုတံဆိပ် ၇၄ ဆုရရှိခဲ့သဖြင့် တံခွန်စိုက်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ယခုအကြိမ်အပါအဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းသည် တံခွန်ဆုကို ၁၃ နှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းမှ ရွှေတံဆိပ်အများဆုံး ဆွတ်ခူးရရှိခဲ့သူ မသန်စွမ်းအားကစားသမားများမှာ ဇော်ငြိမ်းအောင်က ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်သုံးဆု၊ အင်န်အောင်ခွန်က သံလုံး၊ သံပြားပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်သုံးဆု၊ ထူးထူးအောင်က သံလုံး၊ သံပြားပစ်၌ ရွှေတံဆိပ်သုံးဆု၊ နိုင်စစ်အောင်က ရေကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးဆုနှင့် အောင်ဖုန်းက ရေကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးဆု အသီးသီးထူးခြားစွာ ဆွတ်ခူးနိုင်ခဲ့ကြသည်။

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲသည် လာမည့်နှစ် ဇန်နဝါရီလ၌ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့်ပွဲအတွက်လည်း ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို စနစ်တကျပြုလုပ်ခဲ့သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

လွတ်လပ်တဲ့တရားစီရင်ရေးစနစ်ဖြစ်ဖို့ အာမခံပေးမည်

၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးပြင်ဆင်အတည်ပြုလိုက်ပြီဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းကိုတင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုရဲ့ ပြောကြားချက်များကို အခုလိုကြားသိခဲ့ရပါတယ်။

စာချွန်တော်ဥပဒေဟာ နိုင်ငံသားတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရပေးတဲ့ အထူးအခွင့်အရေးဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့တရားရုံးအဆင့်ဆင့်ကိုပေးတဲ့ အခွင့်အရေးလည်းဖြစ်ပါတယ်။ အရင်က စာချွန်တော်ဥပဒေကို ၁၉၆၂ ခုနှစ်မတိုင်ခင်အထိ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်ကနေစပြီးတော့ နှစ်ပေါင်း ၅၀ လောက် ပယ်ဖျက်တာမရှိသော်လည်း ကျင့်သုံးတာမရှိခဲ့ပါဘူး။ တရားရုံးအဆင့်ဆင့်ရဲ့အကြောင်းကြောင်းကြောင့် မှားယွင်းစီရင်ခဲ့တဲ့ဆုံးဖြတ်ချက်တွေအပေါ်မှာ အယူခံမှု၊ ပြင်ဆင်မှုတို့တက်နိုင်ပေမယ့်လည်း စာချွန်တော်တင်သွင်းခွင့်မရခဲ့ပါဘူး။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ဒီမိုကရေစီခေတ်နဲ့လိုက်လျောညီထွေရှိတဲ့ စာချွန်တော်ဥပဒေရေးဆွဲပြဋ္ဌာန်းထားတာ မရှိပါဘူး။ သို့သော်လည်းပဲ တရားလွှတ်တော်ချုပ်အနေနဲ့ ဌာနတွင်း အစည်းအဝေးဆုံးဖြတ်ချက်သဘောနဲ့ စာချွန်တော်ဆိုင်ရာလုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲပြီး အကောင်အထည်ဖော်နေပါတယ်။ အမှုတွေကို ရက်ပေါင်း ၉၀ အတွင်းမှာ စာချွန်တော်တင်သွင်းရမယ်။ ရက်ပေါင်း ၉၀ ကျော်သွားရင် စာချွန်တော်တင်သွင်းခွင့်မရှိတော့ပါဘူး။ မှားယွင်းစီရင်ခံရတဲ့ ပြည်သူတွေအနေနဲ့ စာချွန်တော်တင်တဲ့အခါမှာ လုပ်ထုံးလုပ်နည်းကလည်း နည်းနည်းများပါတယ်။ အဆင့်ဆင့်တင်ရပါတယ်။ စိစစ်မှုတွေများတော့ တရားမမှုကြီးတော်တော်များများဟာ အကြောင်းကြောင်းကြောင့် ရက်ပေါင်း ၉၀ ကျော်သွားတဲ့အခါမှာ စာချွန်တော်တင်သွင်းတာကို ပယ်ဖျက်ခံရပါတယ်။ တစ်နည်းအားဖြင့် ပြည်သူတွေ အများကြီးနစ်နာနေပါတယ်။

ဒါကြောင့်မို့ စတုတ္ထပုံမှန်အစည်းအဝေးကတည်းက တရားလွှတ်တော်ချုပ်က ကိုင်တွယ်လုပ်ဆောင်နေတဲ့ စာချွန်တော်တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ပြင်ဆင်ပေးဖို့ တင်ခဲ့ပါတယ်။ တင်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် လွှတ်တော်အနေနဲ့ ဆုံးဖြတ်ချက်မချနိုင်ခဲ့ပါဘူး။ အချိန်ကာလတွေ ရွှေ့လျားလာပြီး အခုဆိုရင် နှစ်နှစ်ခန့်ကြာခဲ့ပါပြီ။ အဲဒီကာလအတွင်းမှာ နိုင်ငံသားတွေအနေနဲ့ နစ်နာမှုတွေအများကြီးဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် စာချွန်တော်လုပ်ထုံးလုပ်နည်းတွေကို ပြင်ဆင်မယ့်အစား ဥပဒေကိုပဲ ကော်မတီအနေနဲ့ ပညာရှင်တွေဆီက အကြံဉာဏ်တွေရယူကာ တိုက်ရိုက်ရေးဆွဲပြီး တင်သွင်းတာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့လည်း စာချွန်တော်တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေကို ပြီးခဲ့တဲ့သတ္တမပုံမှန်အစည်းအဝေးမှာ တင်သွင်းလာခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းဆိုတာကတော့ ပင်မဥပဒေရှိမှ လုပ်ထုံးလုပ်နည်းဥပဒေရှိမှ ဆွဲရတာပါ။ စာချွန်တော်တင်သွင်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးမှသာ လုပ်ထုံးလုပ်နည်းတို့၊ အမိန့်နဲ့ညွှန်ကြားချက်တို့ရေးဆွဲတာပါ။ ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲတင်သွင်းလိုက်တဲ့လုပ်ထုံးလုပ်နည်းတွေကလည်း အလိုလိုပျက်ပြယ်ပြီးသား ဖြစ်သွားပါတယ်။ ဒီနေ့စာချွန်တော်တင်သွင်းခြင်းဆိုင်ရာဥပဒေကို တစ်ပိုဒ်ချင်းဆွေးနွေးခဲ့ပါတယ်။ အတည်ပြုပြဋ္ဌာန်းနိုင်အောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကဖြစ်ဖြစ်၊ အုပ်ချုပ်ရေးအဖွဲ့ကဖြစ်ဖြစ် အမိန့်ပေးစွက်ဖက်လို့မရအောင် ဒီစာချွန်တော်ဥပဒေက တရားရုံးတွေကို ကာကွယ်ပေးသွားမှာဖြစ်ပါတယ်။ တစ်နည်းဆိုရရင် လွတ်လပ်တဲ့၊ ချုပ်ကိုင်မခံရတဲ့ တရားစီရင်ရေးစနစ်ဖြစ်ဖို့ အာမခံပေးတဲ့ဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေဟာ နိုင်ငံသားတွေအတွက်ရော၊ တရားလွှတ်တော်အဆင့်ဆင့်အတွက်ပါ အလွန်အရေးကြီးတဲ့ ဥပဒေဖြစ်ပါတယ်။

မူလတုန်းက စာချွန်တော်ဥပဒေရဲ့ အသက်ဖြစ်တဲ့ ကာလစည်းကမ်းသတ်ကို ရက်ပေါင်း ၉၀ သတ်မှတ်ထားခဲ့ပါတယ်။ ဒီဥပဒေမှာတော့ အများကြီးသတ်မှတ်ချင်တာပါ။ သို့သော် အမှုတွေ သိပ်ပြုံသွားမှာစိုးလို့ နှစ်ဖက်ညှိနှိုင်းပြီးတော့ ကာလစည်းကမ်းသတ်ကို နှစ်နှစ်သတ်မှတ်ထားပါတယ်။ အောက်တရားရုံးအဆင့်ဆင့်က မှားယွင်းစီရင်တဲ့အမှုတွေအတွက် အမြင့်ဆုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ စာချွန်တော်အမိန့်တင်တဲ့အခါ သက်တမ်းကို နှစ်နှစ်အထိ သတ်မှတ်ထားပါတယ်။ ဒါကြောင့် ပြည်သူပြည်သားတွေအတွက် အများကြီးအကျိုးရှိမှာဖြစ်ပါတယ်။ **ရဲမာန်**

သံတွဲမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၌ လူသတ်မှု၊ မီးရှို့မှုတို့တွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ဖြောင့်ချက်ပေးသူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိ နောက်ကွယ်မှ လှုံ့ဆော်ဖန်တီးသူများကိုပါ ဆက်လက်ဖော်ထုတ်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း စက်တင်ဘာ ၂၈ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်တွင် မီးရှို့ခြင်း၊ လူသတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်ဟု သံသယရှိသဖြင့် ခေါ်ယူထိန်းသိမ်းစစ်ဆေးမေးမြန်းလျက်ရှိသူ ၇၈ ဦးအနက် ငါးဦးမှာ စစ်ဆေးပေါ်ပေါက်မှုမရှိသဖြင့် ယနေ့တွင် ပြန်လွှတ်ပေးလိုက်ကြောင်း၊ စစ်ဆေးချက်များအရ လင်းသီကျေးရွာတွင် နှစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်၍ ဖြောင့်ချက်ပေးသူလေးဦး၊ သပြုချိုင်ကျေးရွာတွင် ငါးဦး အသတ်ခံရမှုနှင့် ပတ်သက်၍ ဖြောင့်ချက်ပေးသူနှစ်ဦးနှင့် မီးရှို့ကြောင်း စစ်ဆေးပေါ်ပေါက်သူ ၂၈ ဦး စုစုပေါင်း ၃၄ ဦးတို့အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသူများအား စစ်ဆေးဆဲဖြစ်ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဆူပူအကြမ်းဖက်မှု ပဋိပက္ခများဖြစ်ပွားစေရန်ရည်ရွယ်ပြီး နောက်ကွယ်မှ လှုံ့ဆော်ဖန်တီးသူများကိုပါ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သူများအား ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အလုံမြို့နယ်တွင် မသင်္ကာဖွယ်အထုပ်တစ်ထုပ်အား တွေ့ရှိသဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် မသင်္ကာဖွယ်အထုပ်တစ်ထုပ်အားတွေ့ရှိသဖြင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယနေ့နံနက် ၁၀နာရီခန့်တွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ Western Park II စားသောက်ဆိုင်၌ စားပွဲထိုးဝန်ထမ်းတစ်ဦးက စားပွဲခုံများကို သန့်ရှင်းရေးဆောင်ရွက်စဉ် စားပွဲခုံအမှတ်(၁၉)၏အောက်တွင် အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ထားသည့် မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ်အား တွေ့ရှိသဖြင့် ဆိုင်မန်နေဂျာထံ သတင်းပို့ခဲ့ကြောင်း၊ ထို့နောက် ဆိုင်မန်နေဂျာက အထုပ်ကိုကြည့်ရှုရာ ဝိုင်ယာကြိုးစနှစ်စ၊ ဘက်ထရီခြောက်တစ်လုံးနှင့် အနက်ရောင်အထုပ်တို့ကိုတွေ့ရှိသဖြင့် **(အပေါ်ယာပုံ)** ဆိုင်အပြင်သို့ထုတ်ကာ အလုံမြို့နယ်ရဲစခန်းသို့အကြောင်းကြားခဲ့ကြောင်း သိရသည်။

အလုံမြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့နှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှတာဝန်ရှိသူများ ပူးပေါင်း၍ အဆိုပါ မသင်္ကာဖွယ်အထုပ်အား ရှင်းလင်းပြီး အသေးစိတ် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဓာတ်ပုံ-တင်ဝင်းလေး (ကြည့်မြင်တိုင်) (သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

တောင်သာတောင်ဖောင်တော်ဦးဘုရား ဘက်စုံမွမ်းမံပြုပြင် သာသနာအဓွန့်ရှည်စွာထိန်းသိမ်းနိုင်ရေးပူးပေါင်းဆောင်ရွက်ရန်လိုအပ်

တောင်သာ အောက်တိုဘာ ၁၄

တောင်သာမြို့ တောင်သာတောင်ဖောင်တော်ဦးဘုရား ဘက်စုံမွမ်းမံပြုပြင်ရန်အတွက် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ အရှေ့ဘက်ပလ္လင်ခုံအောက်ခြေတွင် သဲအိတ်အလုံး ၁၀၀ ကို အလျား ပေ (၃၀၊ ၁၅၊၁၅) အဆင့်ဆင့် မြေသားထိန်းနံရံများ စတင်ချထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အောက်တိုဘာ ၃ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် အောက်ခြေပလ္လင်ခုံ ခုနစ်ပေခန့်နိမ့်ကျခဲ့၍ ရေတားကျောက်စီနံရံ ပေ ၄၀ ခန့် ပျက်စီးခဲ့ရာ ဘက်စုံပြုပြင်ရန်အတွက် ဩဝါဒါစရိယဆရာတော်များ၊ လုပ်ငန်းဗဟိုကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး မြို့နယ်သံဃနာယကအကျိုးတော်ဆောင်ဆရာတော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆောက်လုပ်ရေးဆပ်ကော်မတီဝင်များကိုယ်တိုင် တက်ရောက်၍ အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သာတောင်သည် ၁၇၈၈ ပေမြင့်ပြီး ဒေသခံပြည်သူများအနေဖြင့် နှစ်စဉ် ဝါဆိုလပြည့်နေ့ တစ်ရက်တည်းသာ ပျော်ရွှင်စွာ တက်ရောက်အနားယူခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများ ရှိခဲ့ကြသည်။ ကျောင်းထိုင်ဆရာတော်အပါအဝင် သံဃာသုံးပါး သီတင်းသုံးလျက်ရှိရာ နေ့စဉ်ဆွမ်းခံကြွရောက်နိုင်မှုမရှိဘဲ တစ်ပတ်တစ်ကြိမ်ဆင်း၍ အလှူခံရကြောင်း၊ ဘာသာရေး၊ လူမှုရေးကိစ္စများတွင် ပင့်ဖိတ်မှသာ အလှူခံကြွရောက်ရကြောင်း ကျောင်းတိုင်ဆရာတော်ထံမှ သိရသည်။တောင်သာတောင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၄ ခုနှစ်အထိ စိုက်ခင်းဧရိယာ ၁၃၅၀ ဧက စိုက်ပျိုးခဲ့ကြောင်းသိရပြီး တောင်သာတောင်သာယာလှပရေးနှင့် ရှေးဟောင်းစေတီတော်များ မပျက်စီးမပျောက်ပျက်ရေး၊ သာသနာတော်အဓွန့်ရှည်စွာ ထိန်းသိမ်းနိုင်ရေးတို့အတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ဖို့ လိုအပ်နေကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

အခြေခံစက်ချုပ်သင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ပူးပေါင်း၍ အခြေခံစက်ချုပ်သင်တန်း (၃/၂၀၁၃) သင်တန်းဖွင့်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မီမီစိုး၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက အမှာစကားပြောကြားပြီး သင်တန်းသူများကို အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မီမီစိုးတို့က သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ဖွင့်လှစ်

သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ သင်တန်းသူ စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အိန္ဒိယ-မြန်မာနယ်စပ်အတွင်း ပြဿနာအချို့ကြောင့် ကုန်သွယ်မှုများကျဆင်းကာ စီးပွားရေးထိခိုက်မှုများရှိ

တမူး အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အိန္ဒိယ-မြန်မာနယ်စပ်ဖြစ်သည့် နန်းဖာလုံဈေးဒေသတွင် ဇူလိုင်လဆန်းပိုင်းက အိန္ဒိယနိုင်ငံရှိ ကသည်း လက်နက်ကိုင်တစ်ဦးက ကုန်သည်တစ်ဦးထံ ဆက်ကြေးကောက်ခံမှု ဖြစ်ပွားခဲ့ရာမှ နန်းဖာလုံနယ်စပ်ဈေးကို ခုနစ်ရက်တိတိ ပိတ်ထားခဲ့ရပြီး ယခုပြန်လည်ဖွင့်လှစ်ချိန်အထိ တစ်ဖက်နိုင်ငံမှ ကုန်သည်ကြီးများကလည်း ဈေးဝယ်မလာတော့သဖြင့် နှစ်နိုင်ငံကုန်သွယ်မှုမှာ အထူးကျဆင်းသွားပြီး ဈေးသူဈေးသားများအနေဖြင့်လည်း စီးပွားရေးထိခိုက်နစ်နာမှုများရှိနေကြောင်း နန်းဖာလုံဈေးသူဈေးသားများ၏ ပြောကြားချက်များအရ သိရသည်။

“ဈေးက ခုနစ်ရက်လောက် ပိတ်လိုက်ရတယ်။ အခုပြန်ဖွင့်တော့လည်း တစ်ရက်မှာ ငွေကျပ် ၂၀၀၀၊ ၃၀၀၀ ဖိုးလောက်ပဲ ရောင်းရတယ်။ ရောင်းအားကျတယ်ဆိုတာက တစ်ဖက်နိုင်ငံက ကုန်သည်တွေကလည်း ဈေးဝယ်မလာတော့ဘူး။ ဒါပြီး တမူး ဘက်က ကုန်သည်တွေကလည်း မိုးရေးဘက်ကို ဈေးသွားမဝယ်ရဲကြဘူး ဖြစ်နေတယ်။ အဲဒါကြောင့် အရောင်းအဝယ်က နှစ်ဖက်စလုံး မကောင်းဘူး”ဟု နန်းဖာလုံနယ်စပ်ဈေးတွင် ရောင်းချနေသော တမူးမြို့ခံတစ်ဦးက ပြောသည်။

နန်းဖာလုံနယ်စပ်ဈေးသည် အိန္ဒိယ-မြန်မာ နယ်စပ်ဖြစ်သောကြောင့် တစ်ဖက်နိုင်ငံ၏ ဝယ်လိုအားကို အားထားနေရပြီး အဆိုပါနယ်စပ်ဈေးသို့ အိန္ဒိယပစ္စည်းများအပြင် တရုတ်နိုင်ငံထုတ် ပစ္စည်းများပါ ဝင်ရောက်လျက်ရှိ၍ ပုံမှန်အားဖြင့် ရောင်းသူဝယ်သူများဖြင့် စည်ကားသော ဈေးကြီးဖြစ်သည်။ သို့သော် ဇူလိုင်လဆန်းပိုင်းက နယ်စပ်ဒေသတစ်လျှောက် ဒေသတွင်း ပြဿနာအချို့ကြောင့် နန်းဖာလုံနယ်စပ်ဈေးမှာ တစ်ပတ်တိတိ ပိတ်ထားခဲ့ရပြီး ယခုပြန်လည်ဖွင့်လှစ်ချိန်အထိ အရောင်းအဝယ်မှာ အေးစက်လျက်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

မိတ္ထီလာ အဆင့်မြင့်ခေတ်မီမော်တော်ယာဉ်ရပ်နားစခန်း ပုံစံကို တွေ့ရစဉ်။

မိတ္ထီလာအဆင့်မြင့်ခေတ်မီမော်တော်ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးတင်ဒါများ စတင်ခေါ်ယူ

မိတ္ထီလာ အောက်တိုဘာ ၁၄

မိတ္ထီလာခရိုင်အတွင်း အဆင့်အမြင့်ဆုံး ခရီးသည်တင်အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း ဖြစ်လာမည့် မိတ္ထီလာအဆင့်မြင့် ခေတ်မီမော်တော်ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးအတွက် အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းလိုင်စင်ရှိထားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို အောက်တိုဘာ ဒုတိယပတ်အတွင်း စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တင်ဒါ စည်းကမ်းချက်များနှင့် အဆိုပြုလွှာများကို အောက်တိုဘာ ၁၄ ရက်တွင် စတင်ပြီး မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းအနီး နန်းတော်ကုန်းရပ်ကွက် နယ်မြေတွင်ရှိသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင်ဝယ်ယူနိုင်ပြီး လုပ်ငန်းရှင်များအနေနှင့် တင်ဒါအဆိုပြုလွှာများနှင့်အတူ အဆောက်အအုံဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ပရိုဖိုင်များ တင်ပြရန်လိုအပ်သည်။

မိတ္ထီလာအဆင့်မြင့် ခေတ်မီမော်တော်ယာဉ်ရပ်နားစခန်းကို ရန်မျိုးအောင်ရပ်ကွက် ကွင်းအမှတ်(၇၂၄) ဦးပိုင်အမှတ်(၁၉၅)၊ အကျယ် ၆ ဒသမ ၈၅၅ ဧကအတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး (၁၅× ၄၅)ပေ ငါးခန်းတွဲ နှစ်ထပ် ကားဂိတ်ဆောင် ရှစ်ဆောင်၊ ၂၄ ပေ× ပေ ၄၀ လေးခန်းတွဲ နှစ်ထပ်ဆိုင်ခန်းဆောင်သုံးဆောင်၊ ၁၈ ပေ× ပေ ၃၀ ငါးခန်းတွဲနှစ်ထပ် စားသောက်ဆိုင်နှစ်ဆောင်၊ (၂၂ × ၄၅) ပေ နှစ်ခန်းတွဲ နှစ်ထပ်ပွဲရုံနှင့် ဂိုဒေါင် သုံးဆောင်၊ ပေ၄၀×၄၅ ပေ နှစ်ခန်းတွဲ တစ်ထပ်အလုပ်ရုံတစ်ဆောင်၊ ပေ ၄၀ အမြင့် ဂါလန် ၁၀၀၀၀ ဆံ့ အဆင့်မြင့်ရေသိုလှောင်ကန် တစ်ကန်၊ ပေ (၂၀× ၃၀) တစ်ထပ်စစ်ဆေးရေးဂိတ် တစ်ဆောင်၊ ပေ(၃၀×၃၀) ကြီးကြပ်ရေးရုံး တစ်ဆောင်၊ (၂၅×၄၅)ပေ ကျား/မ အများသုံး သန့်စင်ခန်း တစ်ဆောင်နှင့် ယာဉ်ရပ်နားစခန်းအတွင်း လိုအပ်သည့်ပတ်လမ်းနှင့် ယာဉ်ဝင်ယာဉ်ထွက်လမ်းများကို ကွန်ကရစ်လမ်းအဖြစ် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ မိတ္ထီလာအဆင့်မြင့် ခရီးသည်တင် အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်းသစ်တွင် လိုအပ်သည့် အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များ၏ တင်ဒါလျှောက်လွှာများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လက်ခံသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက် ညနေ ၄ နာရီခွဲနောက်ဆုံးထား လက်ခံမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

လယ်ဝေးမြို့တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ဟောပြော

လယ်ဝေး အောက်တိုဘာ ၁၄

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက လယ်ဝေးမြို့နယ် ဖောင်တော်ချက်မဘုရား နဂါးစောင်းတန်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချို့ထွန်းက သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များ၊ လူဦးရေနှင့် အိမ်အကြောင်းအရာများ မှန်ကန်မှ အနာဂတ်လူနေမှုဘဝ တိုးတက်မြင့်မားမည်ဖြစ်၍ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းကို ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေရန် အသိပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူး ဦးချို့ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးလှိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးမိုးဆက်တို့က ဟောပြောပွဲတက်ရောက်လာကြသည့် ပြည်သူများ မေးမြန်းသော အချက်အလက်များကို အပြန်အလှန်ရှင်းလင်းဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပုသိမ်ကြီးမြို့နယ်၌ မိုးစပါးထွန်တုံးပိတ် အောင်မြင်ဖြစ်ထွန်း

ပုသိမ်ကြီး အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် ဆည်ရေသောက်လယ်မြေများဖြစ်သည်။ ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးဧကမှာ ၂၉၃၈၂ ဧကဖြစ်ပြီး အဓိကစိုက်ပျိုးသော စပါးများမှာ ဧရာမင်းစပါး (မဂျမ်းတော)၊ မနောသုခ၊ ရွှေသွယ်ရင်၊ ပုလဲသွယ်စပါးများ စိုက်ပျိုးကြသည်။ မိုးစပါးများ ထွန်တုံးပိတ်ပြီးနောက် တောင်သူဦးကြီးများက ဓာတ်မြေဩဇာများ ကြဲပက်ခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ ပေါင်းနုတ်ပေးခြင်းများ ဆောင်ရွက်ကြသည်။

လိုအပ်

ထို့အပြင် ယခုလအတွင်း မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးစိုက်ပျိုးပြီးလယ်မြေများ ကောင်းမွန်လျက်ရှိကြောင်း၊ မိုးစပါးများအောင်မြင်ဖြစ်ထွန်း၍ စပါးအထွက်ကောင်းမည်ဖြစ်ကြောင်း၊ သို့သော်လည်း စပါးအထွက်ကောင်းသည်နှင့်အညီ စပါးဈေးကောင်းရန်လည်း လိုအပ်လျက်ရှိကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပုသိမ်မြို့တွင် ကရင်ဒုံးယိမ်းအကပြိုင်ပွဲကျင်းပ

ပုသိမ် အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၃ ခုနှစ် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့်အတူ ပူးတွဲကျင်းပသည့် ကရင်ဒုံးယိမ်းအကပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက ကိုးသိန်းမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ကရင်ဒုံးယိမ်းပြိုင်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒိုင်ချုပ်နှင့် ဒိုင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ ခြောက်ခရိုင်မှ ဒုံးယိမ်းအဖွဲ့ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး မိသားစုတို့က ဒုံးယိမ်းအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်အဖွဲ့များကို ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုရသည်ဖြစ်စေ၊ ဆုမရသည်ဖြစ်စေ၊ အစဉ်အလာအရ မြို့မိ မြို့ဖတစ်ဦးက ပြိုင်ပွဲဝင်အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အကအဖွဲ့တစ်ဖွဲ့မှ ဆုတောင်းမေတ္တာပို့သသည်။ ပြိုင်ပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ခြောက်ခရိုင်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ခုနစ်သင်းမှ ပြိုင်ပွဲဝင်များ၊ ဒုံးယိမ်းဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးချုပ် ဦးသိန်းအောင်က ဖားစည်ကိုးချက်တီး၍ ဒုံးယိမ်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်အား အမေရိကန်ပြည်ထောင်စု The National Bureau of Asian Research (NBR)မှ အဖွဲ့ဝင် ခြောက်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ ရေးရာအဆောင် အမှတ် (I-10) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်က မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အုပ်ချုပ်ရေးပိုင်းမှ ကြိုးပမ်းဆောင်ရွက်နေမှု၊ လွှတ်တော်ကော်မတီများမှ ပူးပေါင်းဆောင်ရွက်နေမှု၊ ၂၀၁၂ ခုနှစ် ဧပြီလတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့မှုတို့ကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ EIA, SIA စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်နိုင်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့သည်။

ဧည့်သည်အဖွဲ့က မြန်မာနိုင်ငံ၏ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာမှုများအပေါ် အဖွဲ့အစည်းအသီးသီးနှင့် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ တွေ့ရှိချက်များအပေါ် သုံးသပ်ချက်များနှင့်အတူ အစီရင်ခံစာများ ထုတ်ပြန်သွားရန်ရှိကြောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သက်ကြီးသူများ အကူအညီရယူရန် စစ်တမ်းတစ်ရပ်ထုတ်ပြန်

သတင်းဆောင်းပါး-ခင်ရတနာ

နေပြည်တော် အောက်တိုဘာ ၁၄

နဖူးပြင်ပေါ်က ကျဆင်းလာသည့်ချွေးစက်များကို လက်ဖြင့်သပ်ရင်း ယနေ့နွားနို့ရောင်းရငွေ၏ အမြတ်အစွန်းကို တွက်ချက်နေသည့် အမယ်အိုမျက်နှာ၌ အပြုံးတစ်ပွင့်ကို မြင်တွေ့ရသည်။

အသက် ၆၀ ပြည့်လျှင် နိုင်ငံ့ဝန်ထမ်းများ ပင်စင်ရကြသည်။ သူကဲ့သို့ ကြုံရာကျပန်းအသက်မွေးရင်း ၆၀ ကျော် ၇၀ အတွင်း ချင်းနင်းလာသည့်တိုင် မိသားစုတာဝန်များ အငြိမ်းစား မရသေးသည်ကို ဝမ်းမနည်းသည့်အပြင် မိသားစုကို တစ်ဖက်တစ်လမ်းမှ ကူညီနိုင်သေး၍ ဂုဏ်ယူမိကြောင်း အစိုးရဌာနအိမ်ရာတစ်ခုသို့ အသက် ၇၀ အရွယ်ရှိ နွားနို့ လာရောက်ရောင်းချသူက ပြောပြသည်။

ထုတ်ပြန်ထား

Social Policy နှင့် Poverty သုတေသနစစ်တမ်း၏ ဖော်ပြချက်အရ သက်ရွယ်ကြီးရင့်သူများသည် ဆင်းရဲနွမ်းပါးမှုအဆင့် ပိုမိုမြင့်မားစွာခံစားကြရပြီး သက်ကြီးအိမ်ထောင်ဦးစီးသည့် မိသားစုများမှာ သက်ငယ်အိမ်ထောင်ဦးစီးသည့် မိသားစုများနှင့် နှိုင်းယှဉ်ပါက ဝင်ငွေနိမ့်ကျနည်းပါးမှုဒဏ်ကို ပိုမိုခံစားလာရကြောင်း ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများနှင့် ၎င်း၏ သက်ရောက်မှုများကို လူမှုဝန်ထမ်းအပါအဝင် UNDP၊ UNOPS၊ LIFT နှင့် Helpage International စသည့် ဌာနများက ပူးပေါင်း၍ သုတေသနပြု စစ်တမ်းကောက်ယူရာ၌ မိသားစုတွင်းရှိ အသက်အရွယ်ကြီးရင့်သူများကြောင့် စီးပွားရေး ထိခိုက်နိုင်ခြေ မြင့်တက်ရပြီး ၎င်းတို့သည် မိသားစုစီးပွားကဏ္ဍ၌ မပါဝင်နိုင်ခြင်း၊ မှီခိုလိုစိတ်အားကြီးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု အားနည်းခြင်းတို့ကြောင့်ဖြစ်ရကာ အဆိုပါ ဆင်းရဲနွမ်းပါးမှု အဆင့်လျှော့ချရေးကဏ္ဍ ဖော်ဆောင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှု ဆောင်ရွက်ပါက အသက်အရွယ်ကို စဉ်းစားကာ သက်ကြီးရွယ်အိုများ စီးပွားရေး လှုပ်ရှားမှုများအတွင်း ပူးပေါင်းလာစေရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ Social Policy and Poverty Research Group ၏ ပူးပေါင်း ဆောင်ရွက်မှုအရာရှိ အကြံပေး Dr.Mike Griffiths က ပြောကြားသည်။

Livelihood and Food Security Trust Fund (Life) ရန်ပုံငွေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အရာတော်မြို့နယ်နှင့် မလှိုင်မြို့နယ်တို့ရှိ ကျေးရွာ ၃၀ တို့၌ အချက်အလက်များ ကနဦးကောက်ယူခဲ့သည့်အနက်မှ အစီရင်ခံစာထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ရေးဆွဲ

၎င်းစစ်တမ်းကို မိသားစုတစ်ခုစီ၏ ကြွေးမြီ၊ ဝင်ငွေလည်ပတ်မှု၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်၊ မှီခိုမှုနှုန်း၊ ပိုင်ဆိုင်မှု၊ ရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှု၊ စားနပ်ရိက္ခာ လုံလောက်မှု၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဆုံးဖြတ်ချက် ချမှတ်နိုင်မှုများကို လေ့လာပြီး ရေးဆွဲခဲ့သည်။

"အဓိကကတော့ အသက်ကြီးတဲ့ သူတွေကို စောင့်ရှောက်ရတဲ့ မိသားစုတွေအတွက် ဝန်ထုပ်ဝန်ပိုးပိုများလာပြီး ငွေရှာနိုင်သူတွေ အခက်အခဲကြုံရတယ်။ သို့သော် ကျွန်မတို့တိုင်းပြည်မှာ အသက် ၆၀ ကျော်လို့ ၇၀ ကျော်၊ ၈၀ တွေအထိ အလုပ်လုပ်နိုင်တဲ့ သူတွေ အများကြီးရှိပါတယ်။ သူတို့တတ်စွမ်းတဲ့ဝန်ကို အသုံးချရင်းနဲ့ ပထမဆုံးက သူတို့ကိုယ်သူတို့ တန်ဖိုးထားတတ်လာမယ်။ ယုံကြည်မှုရှိလာမယ်။ ဒုတိယအချက်က မိသားစုကို ကူညီနိုင်လာမယ်။ တတိယအချက်က ကျန်းမာရေးကို အထိုက်အလျောက် အကူအညီပေးမယ်" ဟု သုတေသနပညာရှင် ဒေါက်တာခင်သွဲ့သွဲ့မွန်က ပြောပြသည်။

"မြန်မာနိုင်ငံမှာတင် မဟုတ်ပါဘူး။ ကမ္ဘာမှာလည်း အမျိုးသမီးနဲ့ ကလေးသူငယ်တွေအရေးကိုပဲ ဦးစားပေးပြီး သက်ကြီးရွယ်အိုပြဿနာတွေကို ဖြေရှင်းတဲ့ရာနှုန်းနည်းနေပါသေးတယ်။ နိုင်ငံတကာ အလှူရှင်တွေကိုလည်း ကျွန်တော်တို့ စည်းရုံးနေရတာပါ။ အမျိုးသမီးတွေ၊ ကလေးတွေနဲ့ မသန်စွမ်းသူတွေ၊ ဒုက္ခသည်တွေရဲ့ အရေးကိစ္စကဲ့သို့ သက်ကြီးရွယ်အိုတွေဘဝ စိတ်ဓာတ်မြင့်မားစေရေးနဲ့ စီးပွားစွမ်းဆောင်နိုင်စေရေး စီစဉ်ပေးမယ်" ဟု Social Policy and Poverty Research Group မှ Dr.Mike Griffiths က ရှင်းပြသည်။

တည်ဆောက်ပေး

အဆိုပါအဖွဲ့မှ ထုတ်ပြန်သည့် အစီရင်ခံစာအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံကိန်းအစီအစဉ်များ၌ ပြည်တွင်းရှိ အသက် ၆၀ နှင့်အထက် လူဦးရေနှင့် အခြေခံစစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခြင်း၊ ၎င်းတို့အား မိသားစုဝင်ငွေရရှိမှုကဏ္ဍအတွင်း ပါဝင်နိုင်စေခြင်း၊ မသန်စွမ်း သက်ကြီးရွယ်အိုများအား အသက်မွေးဝမ်းကျောင်းနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်နိုင်စေရန် ကြိုးပမ်းမှုကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး အသက်ကြီးသူများအတွက် ကိုယ်ထူကိုယ်ထအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းပြ

"မိသားစုကို ကူညီပြီး ဝင်ငွေတိုးအောင် လုပ်ပေးနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ကျွန်မအသက်အရွယ်နဲ့ဆိုရင် နှစ်မိုင်ကျော်ခရီးကို နွားနို့ဘူးတွေ ရွက်ပြီး လမ်းလျှောက်ရတာ မလွယ်ကူပါဘူး။ ဒါပေမယ့် သားသမီး၊ မြေးမြစ်တွေအတွက် ကူညီပေးမယ်ဆိုတဲ့ စိတ်နဲ့ဆိုရင် အမောပြေသွားပါတယ်။ အနည်းဆုံးတော့ ကိုယ့်အတွက် အသုံးစရိတ်ကို သူတို့ဆီက လက်ဖြန့်မတောင်းရဘူးပေါ့" ဟု နွားနို့ရောင်းချသူ အမယ်အိုက နို့ဘူးအလွတ်များ သိမ်းဆည်းနေရင်းက ရှင်းပြသည်။

ပရဟိတလူငယ်ကွန်ရက်မှ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရေစကြို အောက်တိုဘာ ၁၄

ရန်ကုန်အခြေစိုက် ပရဟိတ လူငယ်ကွန်ရက်မှ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ရေစကြိုမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် ရေတိုက်စားကမ်းပြိုထားသော ရှစ်အိမ်တန်းကျေးရွာသို့ အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီက အလှူငွေများနှင့် ကျန်းမာရေးဆေးဝါးအထောက်အပံ့များ ပေးအပ်လှူဒါန်းခြင်းနှင့် ပုံပြောဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

မြန်မာပုံပြောသူများအဖွဲ့ ဖြစ်ကြသော ရန်ကုန်အခြေစိုက် ပရဟိတလူငယ်ကွန်ရက်မှ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ရေတိုက်စားကမ်းပြိုထားသော ရှစ်အိမ်တန်းကျေးရွာသို့ ၎င်းတို့ ကွန်ရက်နှင့် ချိတ်ဆက်လျက်ရှိသော လူမှုအဖွဲ့အစည်းများနှင့် ပရဟိတစိတ်အားထက်သန်သူများထံမှ ကောက်ခံရရှိထားသော အလှူငွေ စုစုပေါင်း ငွေကျပ် ၆၄ သိန်းလေးသောင်းကို အသုံးပြုကာ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်း၊ ဆီနှစ်ပိဿာ၊ ငွေကျပ်နှစ်ထောင်၊ ခေါက်ဆွဲခြောက်ထုပ်များ၊ လူနာ ၁၄၀ အတွက် ကျန်းမာရေးဆေးဝါးများ Mobile Clinic အစီအစဉ်များ၊ ပုံပြောအစီအစဉ်များဖြင့် ပြုလုပ်ခဲ့ကြသည်။

ရှစ်အိမ်တန်းကျေးရွာမှာ အိမ်ခြေစုစု ပေါင်း ၁၇၂ လုံးရှိကြောင်း သိရပြီး လူဦးရေ ၇၈၁ ဦးရှိသော ရွာငယ်လေးဖြစ်ရာ ၁၉၉၇ ခုနှစ်နောက်ပိုင်းမှ စတင်ကာ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် မြေနေရာကမ်းပါးများပြိုကျခဲ့ရခြင်းဖြစ်ပြီး အကူ အညီအထောက်အပံ့များလိုအပ်လျက်ရှိနေကြောင်း သိရသည်။

စိုးဝင်း(SP)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ဖျာပုံမြို့ စည်ပင်သာယာရေးကော်မတီကို ၈-၉-၂၀၁၃ရက်တွင် ရပ်ကွက်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖတို့မှ လွတ်လပ်သောဆန္ဒဖြင့် (၁)ဦးသံချောင်း၊ (၂)ဒေါက်တာ စံဦး၊ (၃)ဒေါက်တာ ဌေးမြင့်၊ (၄)ဦးမြင့်သိန်းတို့ကို ရွေးချယ်တင်မြှောက်ခြင်းအပေါ် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ(၁/ ၂၀၁၃)ဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရေလုပ်ငန်းရှင်များအသင်း
နောက်မီးကျေးရွာ

မွေးနေ့ဆုတောင်းမင်္ဂလာ

၁၅-၁၀-၂၀၁၃ ရက်တွင် ကျရောက်သော EMP Co., Ltd. မှ ဒေါက်တာရဲလင်း၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လိုအင်ဆန္ဒမှန်သမျှပြည့်ဝပြီး မိသားစုနှင့်အတူ ပျော်ရွှင်ဖွယ် မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေကြောင်း EMP Co., Ltd. ဝန်ထမ်းများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

EMP Co., Ltd. ဝန်ထမ်းများ



မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၆ရက်(ဘဏ္ဍာရီအီးဒ်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

အဆောက်အအုံ တည်ဆောက်ငှားရမ်းမှုလုပ်ငန်း လုပ်ကိုင်ရန်အတွက် ကော်မရှင်က ခွင့်ပြုပေးထားပြီး လုပ်ငန်းစတင်မှု ပြုလုပ်နေပြီဖြစ်တယ်” ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံသို့ ယခုနှစ်ဝက်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သန်း ၂၄၃၆ သန်းကျော်အထိ ရရှိလာပြီဖြစ်ပြီး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံအရေအတွက်မှာလည်း ၃၁ နိုင်ငံအထိ မြင့်တက်လာခဲ့ကာ စင်ကာပူနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် အရေအတွက်မှာ နည်းပါးနေသေးကြောင်း သတင်းရရှိသည်။

ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ မြင့်တက်လာခဲ့သော်လည်း အမေရိကန်၊ ဥရောပနှင့် အခြားအနောက်နိုင်ငံများထက် တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၈၉ သန်း၊ ဟောင်ကောင်မှ အမေရိကန်ဒေါ်လာ ၆၄၄၆ သန်း၊ တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၀၃၇ သန်းနှင့် ဂျပန်နိုင်ငံမှ ၂၇၄ သန်းကျော်နှင့် အခြားအာရှတွင်းနိုင်ငံများကလည်း အမြင့်ဆုံးရင်းနှီးမြှုပ်နှံမှုစာရင်းအတွင်း ပါရှိကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၅-၁၀-၂၀၁၃(အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၈း၂၅ SEA Games ဇာတ်လမ်းတို **Road To SEA Games** (အပိုင်း-၇)

နေ့လယ်ပိုင်း

၁၁း၄၅ **Analogue** မှသည် **Dagital** ဆီသို့

ညပိုင်း

၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၁၇း၁၅ SEA Games Go For Gold **ရွက်လှေ** (အပိုင်း-၁)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ လျှပ်စစ်စနက်တံတပ်ထားသည့် လက်ပစ်ဗုံးတစ်လုံးနှင့် ဆက်စပ်ပစ္စည်း ဖောက်ခွဲဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၁၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်အကွက် ၁၃၉၊ ၁၆×၈၀ လမ်းထောင့်၊ ၁၆ လမ်းတောင်ဘက်ရှိ အိမ်အမှတ် ၁၉၄ နေ ဦးမျိုးမြင့်၏ နေအိမ်အနီး ပလက်ဖောင်းတွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိရကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ လျှပ်စစ်စနက်တံတပ်ထားသည့် အမ် ၆၇ လက်ပစ်ဗုံးတစ်လုံး၊ ဓာတ်ခဲအသေး ခြောက်လုံး၊ စားပွဲတင်နာရီတစ်လုံးကို တွေ့ရှိရကြောင်း **(အောက်ဝဲပုံ)**ညနေ ၃ နာရီတွင် မိုင်းရှင်းလင်းရေးအဖွဲ့က Water Bottle စနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်ကြောင်း၊ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ ပြည်ကြီးမျက်ရှင်ရပ်ကွက် ၆၂ လမ်း၊ ၂၉×၃၀ လမ်းကြားရှိ ဘုန်းကြီးကျောင်းရှေ့ ပလက်ဖောင်းတွင် မသင်္ကာဖွယ်ပစ္စည်းထုပ်မံတွေ့ရှိကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ပေါက်ကွဲမှုနှင့် သက်ဆိုင်သည့်ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့ရကြောင်း မန္တလေးမြို့ရှိ မိမိတို့သတင်းထောက်ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၂၅၀၀-၆၄၂၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၁၈၀၀-၆၄၁၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၀. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၂၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၇၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၉၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၂၄၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၇၈
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၄၀-၈၈၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၀၀-၅၃၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၀၀-၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

မွေးနေ့ဆုတောင်း

ချစ်ဇနီး ငယ်လေး (ခ) နေဇင်ယု

၁၅-၁၀-၂၀၁၃ရက်တွင် ကျရောက်သော ငွေရတုပြည့်မွေးနေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ခင်ပွန်း ဦးအောင်ဇော်မင်းနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဦးအောင်ဇော်မင်း
(ဦးစီးအရာရှိ)
ပဲခူးခရိုင်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ရက်ပေါင်း ၅၆ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာနိုင်ငံမသန်စွမ်းအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲနှင့် မြားပစ်အဖွဲ့ချုပ်မှ မြားပစ်ပစ္စည်းများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၄

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲ ဆုပေးပွဲနှင့် အဖွဲ့ချုပ်သို့ မြားပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ မြားပစ်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ မသန်စွမ်းမြားပစ်ပြိုင်ပွဲတွင် Compound နှင့် Recurve ပြိုင်ပွဲ နှစ်မျိုး၌ မသန်စွမ်းအားကစားသမား ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် ဒုတိယဥက္ကဋ္ဌတို့က Compound နှင့် Recurve တွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (7th Asean Para Games, Nay Pyi Taw) တွင် မြန်မာ မသန်စွမ်းအားကစားအသင်း အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက လှူဒါန်းသော ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ Compound Bow ငါးလက်၊ Recurve Bow လေးလက်၊ X 10 Arrow ခြောက်ဒါဇင်၊ Gold Arrow ၁၀ ဒါဇင်နှင့် ဆက်စပ်ပစ္စည်းများကို အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား မြားပစ်တာဝန်ခံ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ပေးအပ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက လက်ခံယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ဆီးဂိမ်းအကြိုရေကူးပြိုင်ပွဲများကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)အကြိုအဖြစ် ရေကူးအားကစားပြိုင်ပွဲများကို မကြာမီ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရေကူးအားကစားအဖွဲ့၏ အတွင်းရေးမှူးက ပြောသည်။

ဝဏ္ဏသိဒ္ဓိရေကူးကန်ကို တွေ့ရစဉ်။

"ကျွန်တော်တို့နိုင်ငံမှာ ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ရေကူးအားကစားသမားများ လက်ရည်စစ်ပွဲအနေနဲ့ အသင့်အနေအထားဖြစ်အောင် လာမယ့် အောက်တိုဘာ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ရေကူးအားကစားပြိုင်ပွဲများ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပြိုင်ပွဲမှာ ပြိုင်ပွဲဝင်နိုင်ငံအချို့လည်း ပါဝင်မှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေကိုတော့ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ဦးမျိုးဝဏ္ဏထွန်းက ပြောသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ အမျိုးသမီး မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ နဲ့ အလွတ်ကူးပြိုင်ပွဲတွေ ပါဝင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားမီတာ ၁၀၀၊ ၂၀၀၊ breastroke၊ လိပ်ပြာကူး၊ ပက်လက်ကူးနဲ့ လက်ဆင့်ကမ်းပြိုင်ပွဲတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ မြန်မာ ရေကူးအားကစားသမားများ အနေနဲ့ လာမယ့်ဆီးဂိမ်းပြိုင်ပွဲမှာ လူငယ်တွေကိုပဲ အနာဂတ်အတွက် ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ တကယ်တမ်းပြိုင်နိုင်တဲ့ ရေကူးအားကစားသမားက ခြောက်ဦးလောက်ပဲရှိပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ကြည့်ရှုနိုင်

ဒီဇင်ဘာလတွင် ကျင်းပမည့် ဆီးဂိမ်း ရေကူးအားကစားပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ရေကူးကန်ကြီးတွင် ဒိုင်ဗင်ပြိုင်ပွဲများ ပြုလုပ်နိုင်သည့် ရေကူးကန်ကိုလည်း တွဲဖက်တည်ဆောက်ထားသည်။ ပြိုင်ပွဲလာ ရေကူးအားကစား ဝါသနာရှင်များအနေဖြင့် အဆိုပါရေကူးကန်ကြီးတွင် သစ်လွင်လှပမှု၊ သန့်ရှင်းမှုများနှင့်အတူ လေအေးပေးစက်များလည်း ပါရှိသဖြင့် အေးချမ်းပျော်ရွှင်စွာ အဆင့်မြင့်မြင့် ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

မောင်ရွှေရိုး

ဆီးဂိမ်းဂုဏ်ပြုကြိုဆို ပြိုင်ကားမောင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း နယ်မြေရှိ Top Ruby Land ပြိုင်ကားမောင်းကွင်း၌ ပြိုင်ကားမောင်းပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပရန် စီစဉ်လျက်ရှိသည်။

"ပြိုင်ကားလေးတွေ မောင်းနှင်ပြိုင်ပွဲ ကျင်းပတာဟာ ဆီးဂိမ်းကို ကြိုဆိုဂုဏ်ပြုတာရယ်၊ ပြိုင်ကားလေးတွေအပြင် ကားအားလုံးအတွက် ယာဉ်အန္တရာယ်ကင်းဝေးစေဖို့ အသိပညာပေးတဲ့အနေနဲ့လည်း ဒီပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်ပြီး မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ဦးက ပြောပြသည်။

စာရင်းပေးသွင်းနိုင်

အဆိုပါ ပြိုင်ကားမောင်းပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်ဆင်နွှဲလိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အနိုင်ရရှိသူများကို ဆုများ ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် လာမည့်နိုဝင်ဘာလ၌ ကျင်းပမည့် နိုင်ငံတကာ ပြိုင်ကားမောင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် စီစဉ်ပေးမည် ဖြစ်သည်။

အဆင့်မီ

ပြိုင်ပွဲဝင်များသည် ဦးထုပ်၊ ဝတ်စုံ၊ လက်အိတ်၊ ဘေးနံရိုးကာ၊ ဖိနပ်စသည့်အကာအကွယ်များ ဝတ်ဆင်ကာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မတော်တဆ ထိခိုက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်ဖြစ်သည်။ ယှဉ်ပြိုင်ရမည့် Top Ruby Land ပြိုင်ကားမောင်းကွင်းသည် နိုင်ငံတကာအဆင့်မီ ပြိုင်ကား မောင်းကွင်းဖြစ်ကြောင်း သိရသည်။

မောင်သစ္စာ

အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ရုံးအဆောက်အအုံဟောင်းဖျက်သိမ်းရှင်းလင်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဒေါပုံမြို့နယ်စာရင်းစစ်ရုံး အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာလမ်း၊ မြေတိုင်းအမှတ် ၁၁၊ မြေကွက်အမှတ် ၂၊ ၁၂၄၄၂ စတုရန်းပေပေါ်ရှိ ဂိုဒေါင်ကြီးတစ်ခုနှင့် ဆိုင်ခန်းတစ်ခုတို့အားဖျက်သိမ်း၍ အပြီးရှင်းလင်းဖယ်ရှားရန် အဆောက်အအုံဟောင်းအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၁၀-၂၀၁၃ ရက်မှ ၁၈-၁၀-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၃၅/၈၇တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ စီမံ(ပစ္စည်း)ဌာနစု၊ ဖုန်း-၀၁-၂၂၁၃၂၉တွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

(၂၄)ကြိမ်မြောက် ကခလော/ခအေးသာ [illegible] အစရိယပူဇော်ပွဲအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၁၉-၁၀-၂၀၁၃ ရက် (စနေနေ့)

နေရာ - Yangon Golf Club (တညင်းကုန်းဂေါက်ကွင်း)

အချိန် - နံနက် (၁၀း၀၀) နာရီ

သို့ပါ၍ ပါဝင်ဆင်နွှဲလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ကိုမျိုးမြင့်ဝင်း (87/Civil) ၀၉-၂၀၁၀၂၆၅ ကိုသက်နိုင်မိုး (91/Civil) ၀၉-၅၃၄၀၉၄၉

ကိုတင်ကိုကို (87/MN) ၀၉-၅၅၀၀၂၅၉ ကိုကျော်တင့်နိုး (91/MN) ၀၉-၈၆၂၇၇၁၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးမြို့၊ ကားကြီးဝင်းအတွင်းတွင် (၁၅×၃၀)ပေ၊ ၂၆ ခန်းပါ အုတ်ညှပ်နှစ်ထပ် ကားဂိတ်အဆောက်အအုံတစ်လုံး၊ ပေ(၁၀×၁၀) ၂၀ ခန်းပါ Open Shed ဈေးဆိုင်ခန်း အဆောက်အအုံသုံးလုံး၊ (၃၀×၉)ပေ ခြောက်ခန်းတွဲအိမ်သာနှစ်လုံးတည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး ဖုန်း-၀၆၃-၂၅၁၀၄၊ ၀၉-၄၃၀၄၃၇၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီ

တင်ဒါဖွင့်မည့်ရက် - ၂၁-၁၀-၂၀၁၃ ရက် ၁၀း၀၀ နာရီ

မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီ

မြတ်ဆရာပူဇော်ပွဲနှိုးဆော်လွှာ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း (လှည်းတန်း၊ စိန်တောင်) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက် (အမျိုးသားအောင်ပွဲနေ့)တွင် နှစ်စဉ်မပျက်ပြုလုပ်ကျင်းပမည်ဖြစ်သဖြင့် ဤကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူတော်ငွေများလှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ-

ရေနံချောင်း

ဒေါ်နီလာခိုင် ဖုန်း-၀၉-၄၀၁၅၇၀၈၀၇

ဒေါ်မူမူမြင့် ဖုန်း-၀၉-၅၃၃၇၄၅၄

ရန်ကုန်

ဒေါ်မေထွေး(စူပါဝမ်း) ညောင်ပင်လေးဈေး ဖုန်း-၀၉-၅၀၃၁၀၂၆

မန္တလေး

ဒေါ်ဖြူဖြူမြင့် ဖုန်း-၀၉-၂၀၂၉၈၉၉

အမက(၄)၊ လှည်းတန်း/စိန်တောင်

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ အရှေ့အာဇာနည်လမ်း၊ တိုက်အမှတ် ၉၊ အခန်းအမှတ် ငါးလွှာ-ဘီ၊ အကျယ်အဝန်းပေ (၂၀×၄၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိနေထိုင်ပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းသိန်း ၁၂/ဗဟန(နိုင်)၀၁၈၃၄၈ထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**
LL.B	LL.B, D.B.L, D.M.L
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

နိုင်ငံတကာအားကစားသတင်း

ကမ္ဘာ့ဖလား ခြေစစ်ပွဲအုပ်စု ကစားမည့်ပွဲစဉ်များ

ဥရောပဇုန် အုပ်စုပွဲစဉ်များ ❖ အောက်တိုဘာ ၁၅/၁၆ ရက်

ဆိုက်ပရပ်စ်	-	အယ်လ်ဘေးနီးယား	ည	၁၀း၃၀
လစ်သူရေးနီးယား	-	**ဘော့စနီးယား**	ည	၁၁း၃၀
ပေါ်တူဂီ	-	လူဇင်ဘတ်	ည	၁၁း၃၀
အဇာဘိုင်ဂျန်	-	**ရုရှား**	ည	၁၁း၃၀
ဂရိ	-	လက်ချင်စတိန်း	ည	၁၁း၃၀
အစ္စရေး	-	မြောက်အိုင်ယာလန်	ည	၁၁း၃၀
နော်ဝေ	-	အိုက်စလန်	နံနက်	၀၀း၃၀
ဆွစ်ဇာလန်	-	ဆလိုဗေးနီးယား	နံနက်	၀၀း၃၀
ဟန်ဂေရီ	-	အင်ဒိုရာ	နံနက်	၀၀း၃၀
တူရကီ	-	**နယ်သာလန်**	နံနက်	၀၀း၃၀
ရိုမေးနီးယား	-	အက်စ်တိုးနီးယား	နံနက်	၀၀း၃၀
လတ်ဗီးယား	-	ဆလိုဗက်ကီးယား	နံနက်	၀၀း၄၀
ဘူဂေးရီးယား	-	**ချက်**	နံနက်	၀၀း၄၅
ဒိန်းမတ်	-	မော်လ်တာ	နံနက်	၀၀း၄၅
ဆားဘီးယား	-	မက်ဆီဒိုးနီးယား	နံနက်	၁း၀၀
ဆွီဒင်	-	ဂျာမနီ	နံနက်	၁း၁၅
အိုင်ယာလန်	-	ကာဇက်စတန်	နံနက်	၁း၁၅
အီတလီ	-	အာမေးနီးယား	နံနက်	၁း၁၅
ဖာရိုးကျွန်းစု	-	**ဩစတြီးယား**	နံနက်	၁း၁၅
စပိန်	-	ဂျော်ဂျီယာ	နံနက်	၁း၃၀
ပြင်သစ်	-	ဖင်လန်	နံနက်	၁း၃၀
မွန်တီနီဂရိုး	-	မော်လ်ဒိုဗာ	နံနက်	၁း၃၀
ဆန်မာရီနို	-	**ယူကရိန်း**	နံနက်	၁း၃၀
အင်္ဂလန်	-	ပိုလန်	နံနက်	၁း၃၀
စကော့တလန်	-	ခရိုအေးရှား	နံနက်	၁း၃၀
ဘယ်လ်ဂျီယံ	-	ဝေးလ်	နံနက်	၁း၃၀

တောင်အမေရိကဇုန် အုပ်စုပွဲစဉ်များ ❖ အောက်တိုဘာ ၁၆ ရက်

ပါရာဂွေး	-	**ကိုလံဘီယာ**	နံနက်	၆း၀၀
ဥရုဂွေး	-	**အာဂျင်တီးနား**	နံနက်	၆း၀၀
ချီလီ	-	အီကွေဒေါ်	နံနက်	၆း၀၀
ပီရူး	-	ဘိုလီဗီးယား	နံနက်	၈း၄၅

တောင်အာဖရိကဇုန် အုပ်စုပွဲစဉ်များ ❖ အောက်တိုဘာ ၁၅ ရက်

ဂါနာ	-	**အီဂျစ်**	ည	၁၀း၃၀

ကွန်ကာကပ်ဖ်ဇုန်အုပ်စုပွဲစဉ်များ ❖ အောက်တိုဘာ ၁၆ ရက်

ကော်စတာရီကာ	-	**မက္ကဆီကို**	နံနက်	၈း၀၀
ဂျမေကာ	-	**ဟွန်ဒူးရပ်စ်**	နံနက်	၈း၀၀
ပနားမား	-	**အမေရိကန်**	နံနက်	၈း၀၀

သီဟ

ဥရုဂွေးတို့ အသက်ရှူမှားစေမယ့် အာဂျင်တီးနား

မိုးမြင့်လင်းလက်

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ တောင်အမေရိကဇုန်ခြေစစ်ပွဲတွေကို အောက်တိုဘာ ၁၆ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ ဥရုဂွေးတို့ အာဂျင်တီးနားကို ကျော်ဖြတ်ဖို့ဆိုတာ အသက်ရှူကျပ်စရာဖြစ်နေသလို ချီလီနဲ့ အီကွေဒေါ်တို့ကလည်း တစ်ဦးနဲ့တစ်ဦးချိန်ဆပြီး ကစားရမယ့်အနေအထားဖြစ်နေပါတယ်။

ဥရုဂွေးနှင့် အာဂျင်တီးနား

ဥရုဂွေးတို့ ရင်ဆိုင်မတတ်အားထုတ်ရမယ့် ပွဲပါပဲ။ အာဂျင်တီးနားဟာ ခြေစစ်ပွဲကို ရှုံးပွဲမရှိ အောင်မြင်ခဲ့ပြီး ဖြစ်ပေမယ့် ဂုဏ်သိက္ခာအရ ဥရုဂွေးကို ညှာတာမှာတော့မဟုတ်ပါဘူး။ တောင်အမေရိကအသင်းတွေထဲမှာ တိုက်စစ်စွမ်းရည် အမြင့်ဆုံးဖြစ်တဲ့ အာဂျင်တီးနားကို ဘယ်ပုံ ဘယ်နည်းနဲ့ ဥရုဂွေးတို့ ဟန့်တားထိန်းချုပ်မလဲ ကြည့်ရမှာပါ။ အာဂျင်တီးနားအတွက် တစ်ဦးတည်း ၁၀ ဂိုးသွင်းယူထားတဲ့ မက်ဆီဦးဆောင်တဲ့ တိုက်စစ်မျိုးတွေဟာ ဒီပွဲမှာ ဂိုးတွေသွင်းယူကြဦးမှာပါ။ ဥရုဂွေးအတွက် ခြေစစ်ပွဲအောင်ဖို့ အရေးကြီးတဲ့ပွဲဖြစ်ပေမယ့် အမြင့်ဆုံးက သရေတစ်မှတ်လို့ပဲသတ်မှတ်ရမယ့် အခြေအနေပါပဲ။

ချီလီနှင့် အီကွေဒေါ်

နှစ်သင်းစလုံး ခြေစစ်ပွဲအောင်ဖို့ အနေအထားကောင်းနေတာမို့ ဒီပွဲမှာ သရေဖြစ်ရင်တောင် ကိုယ်စီ ခြေစစ်ပွဲ အောင်ကြမှာဖြစ်ပါတယ်။ ဒါပေမယ့် အီကွေဒေါ်တို့က ပြတ်သားတဲ့ ရလဒ်ကို ပုံဖော်ချင်တဲ့ စိတ်ဓာတ် ရှိနေတာမို့ ချီလီဟာ အိမ်ရှင်ဆိုပေမယ့် သတိထားရမှာဖြစ်ပါတယ်။ အသင်းလိုက် စုစည်းမှုအားကောင်းပြီး တိုက်စစ်ပိုင်းရော ခံစစ်ပိုင်းပါ အားသာချက်ရှိတဲ့ အီကွေဒေါ်ကို ဒီပွဲမှာ ယုံကြည်မှုပေးမှာ ဖြစ်ပါတယ်။

ခြေစစ်ပွဲအောင်ရန် ရုန်းကန်ကြိုးစားရဦးမည့် ဥရုဂွေးအသင်း

ပါရာဂွေးနှင့် ကိုလံဘီယာ

ပါရာဂွေးတို့ အိမ်ကွင်းမှာ ပင်ပန်းမယ့် ပွဲပါပဲ။ ကိုလံဘီယာဟာ ခြေပေါ်ရင် ထိန်းချုပ်ရခက်ခဲတဲ့ အသင်းဖြစ်ပါတယ်။ ကိုလံဘီယာတို့က ဒီပွဲမှာ အနိုင်ရလဒ်ကို ဆန္ဒပြင်းပြနေတာမို့ ခြေစွမ်းအတက်အကျဖြစ်နေတဲ့ ပါရာဂွေးတို့အတွက် ဒီပွဲရလဒ်ဟာ စိုးရိမ်သောကပွားစရာ ဖြစ်နေပါတယ်။

ပီရူးနှင့် ဘိုလီးဗီးယား

နှစ်သင်းစလုံးအတွက် ဒီပွဲဟာ ကာရံမဲ့နေတဲ့ အနေအထားပါ။ နိုင်နိုင် ရှုံးရှုံး ခြေစစ်ပွဲအောင်ဖို့ မဖြစ်နိုင်တော့တာမို့ ပရိသတ်တွေအတွက် ရင်ခုန်သံကင်းမဲ့စရာပါပဲ၊ ဒါပေမယ့် သမိုင်းမှတ်တမ်းကောင်းဖို့အတွက်တော့ နှစ်သင်းစလုံးကြိုးစားကြပါလိမ့်မယ်။

ဒီ ပွဲမှာ အားထုတ်မှုပိုကောင်းတဲ့ ဘိုလီးဗီးယားကိုပဲ ချိန်ခွင်လျှာသာပေးရမှာ ဖြစ်ပါတယ်။ ။

ဂျိုကိုဗစ် ရှန်ဟိုင်းမာစတာဖလား ဆွတ်ခူး

ကမ္ဘာ့နံပါတ်-၂ တင်းနစ်ကစားသမား ဂျိုကိုဗစ်က ရှန်ဟိုင်းမာစတာဖလားပြိုင်ပွဲတွင် အာဂျင်တီးနားမှ မာတင်ဒယ်ပိုထရိုကို အနိုင်ရပြီး ၎င်း၏ဖလားကို ကာကွယ်လိုက်ပြီဖြစ်သည်။ ဂျိုကိုဗစ်က ၆-၁၊ ၃-၆၊ ၇-၆ (၇-၃)ဖြင့် နိုင်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည် ရှန်ဟိုင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ယခုနှစ်အတွင်း ပဉ္စမမြောက် ATP တိုးဖလားဖြစ်သည်။ ၎င်းသည် မကြာမီက ကမ္ဘာ့နံပါတ်တစ်ဖြစ်လာသော ရာဖေးလ်နာဒယ်ကိုလည်း ချိုင်းနားအိုးပင်းဖလားတွင် အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ဂျိုကိုဗစ်သည် ချိုင်းနားအိုးပင်းဖလားကို လေးကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပိုလန်နှင့်ပွဲ အက်ရှ်လေကိုးလ် မပါနိုင်

အင်္ဂလန်နောက်တန်းကစားသမား အက်ရှ်လေကိုးလ်သည် နံရိုးထိခိုက်ဒဏ်ရာရထားခြင်းကြောင့် အောက်တိုဘာ ၁၅ ရက်တွင် ကစားမည့် ပိုလန်နှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကို လွဲချော်လိမ့်မည်ဟုဆိုသည်။ အသက် ၃၂ နှစ်ရှိ ချယ်လ်ဆီး ဝဲနောက်တန်းကစားသမား အက်ရှ်လေကိုးလ်သည် မွန်တီနီဂရိုးကို အနိုင်ရခဲ့သည့် ပြိုင်ပွဲတွင်လည်း လွဲချော်ခဲ့ရသည်။

အဲဗာတန်မှ လေတန်ဘိန်းသည် အက်ရှ်လေကိုးလ်၏ နေရာတွင် ဆက်လက်ပါဝင်ကစားဖွယ်ရှိသည်။ စမောလင်းနှင့် ဖီးဂျုံးတို့သည် နောက်တန်းလူ နေရာတွင် ပြန်လည်ပါဝင်လာဖွယ်ရှိသည်။

တူနီးရှားနှင့် ကင်မရွန်း သရေပွဲကြုံ

၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တူနီးရှားနှင့် ကင်မရွန်းတို့ ဂိုးမရှိသရေပွဲ အဆုံးသတ်သွားသဖြင့် ဒုတိယအကျော့ ရှုံးထွက်အဆင့်တွင် ကမ္ဘာ့ဖလား တက်လှမ်းနိုင်သည့် အခွင့်အလမ်းများကိုယ်စီ ရှိနေကြသည်။ ယင်းပြိုင်ပွဲတွင် ကင်မရွန်းဂိုးသမား ချာလီအီတန်ဂျေး လက်စွမ်းပြကာကွယ်ပေးလိုက်နိုင်၍ တူနီးရှားတို့ အပိုင်ကန်သွင်းချက်များ ဆုံးရှုံးခဲ့ရသည်။ ကင်မရွန်းတို့ ပယ်နယ်တီရသော်လည်း တူနီးရှားဂိုးသမား ကာကွယ်လိုက်နိုင်သည်။

ရှုံးထွက်အဆင့် အနိုင်ရသောအသင်းသည် လာမည့်နှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်အသင်းဖြစ်လာမည် ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ အမှတ် (၁/၆၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်(၁)၊ မြေကွက်အမှတ် ၆၈၊ မြေဧရိယာ ၀ ဒသမ ၈၈၇ဧကရှိ နှစ်၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးတင်မြင့် ၁၂/ပဘတ(နိုင်)၀၂၃၈၀၄နှင့် ဒေါ်ခင်ခင်ချို ၁၂/ရကန(နိုင်)၀၆၄၁၉၉တို့မှ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B တရားလွှတ်တော်ရှေ့နေ (၄၃၇၃)

ဒေါ်လှလှခိုင် LL.B တရားလွှတ်တော်ရှေ့နေ (၅၄၁၀)

အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ဗိုလ်တထောင်မြို့နယ်၊ ၅၂ လမ်း၊ အမှတ် ၈၀နေ ဦးအာချန်ဒရား(ဘ)ဦးဗွီရာမာဘာမိချစ်တီး ၁၂/ပဘတ(နိုင်)၀၂၅၇၇၁မှ ဦးတင့်လွင်(ဘ) ဦးဟံရှိန် ၁၂/မဂတ(နိုင်)၀၀၇၅၂၀နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေကွက်အမှတ် ၃၈ အား ဦးတင့်လွင်မှ ဒေါ်ခင်ဝင်းကျော် ၃/မဂတ(နိုင်)၀၁၃၄၇၉ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအာချန်ဒရား)မှ မြေကွက်ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် မြေလက်ရောက်ပေးအပ်စေလိုမှုစွဲဆိုခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၀၂/၂၀၁၁ တွင် ၃၀-၁၁-၂၀၁၁ ရက်က အမိန့်ချမှတ်ခဲ့ပါသည်။ ထိုအမိန့်အရ အခင်းဖြစ်မြေကွက်ရှိ ဧရိယာ ၂ ဒသမ ၄၃၈ဧက၏ မြေပိုင်ရှင်မှာ ဒေါ်ခင်ဝင်းကျော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအာချန်ဒရားမှ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီရရှိထားပြီးဖြစ်ပါသည်။ ထိုအမိန့်အရ အခင်းဖြစ်မြေကို သက်ဆိုင်ရာဌာနတွင် အမည်ပေါက် မြေချပါမစ်)လွှဲပြောင်းပြီး ဦးအာချန်ဒရားမှ မြေကွက် လက်ရောက်ရယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ပြည့်စုံစွာ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ တင်ပြကန့်ကွက်နိုင်ခြင်းမရှိပါက ထိုမြေကွက်အား ဦးအာချန်ဒရားအမည်ပေါက် ပြောင်းလဲလွှဲပြောင်းထားပြီး မြေလက်ရောက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးတင့်လွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအာချန်ဒရား ၁၂/ပဘတ(နိုင်)၀၂၅၇၇၁၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂ လမ်း၊ အမှတ် ၈၀

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ ၆၊ နတ်စင်လမ်း၊ အိမ်အမှတ် ၄၃နေ မသဲဖြူ(ခ)မသန်းသန်းထွေး ၁၃/တကန(နိုင်)၁၃၁၃၈၈သည် မိဘတို့၏ အကြိမ်ကြိမ်သွန်သင်ဆုံးမမှုအား နာခံခြင်းမရှိသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ယင်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စများအား တာဝန်မယူပါ။

ဦးအောင်ဖေ၊ ဒေါ်လှမင်း
နယ်မြေ ၆၊ ကျောင်းကြီးစု

အများပြင်ဆင်ချက်

၄-၉-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၁၂ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ကျွန်မ ဒေါ်သင်းသင်းလှအမည်အစား ဒေါ်နန့်သင်းသင်းလှဟု ပြင်ဆင်ဖတ်ရှုပါရန်။

သွေးသည်အသက်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အခြေခံအင်္ဂလိပ်စာနှင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံအင်္ဂလိပ်စာနှင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁/၂၀၁၃)ဆင်းပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့်နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးမြင့်လွင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းတွင် အင်္ဂလိပ်စာ ကျွမ်းကျင်မှုနှင့် သံတမန်ဘာသာရပ်နှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်းခြင်း၊ နည်းပညာ၊ မျက်မှောက်ခေတ် နိုင်ငံတကာ ရေးရာ၊ နိုင်ငံတကာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံ တကာဆက်သွယ်ပြောဆိုမှုပညာစသည်တို့ကို ပို့ချခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး ဌာနမှ အသစ်ခန့် အငယ်တန်းအဆင့် စာရေးဝန်ထမ်း ၇၀ တက်ရောက်ကြ ကာ သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားကတ်ပြားများပေးအပ်

ညောင်ဦး အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုး သားမှတ်ပုံတင်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ နိုင်ငံသားဖြစ်ခွင့်ရှိသော သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား နှင့်အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ပုဂံမြို့သစ် အခြေခံပညာအထက်တန်းကျောင်းရှိ ဆဋ္ဌမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ ၁၇၅ ဦးအတွက် ၁၀ နှစ်ပြည့် နိုင်ငံသားကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနမှူး ဦးစောနိုင်က ကျောင်းသား ကျောင်းသူများ လျှောက်ထား သည့်နိုင်ငံသားကတ်ပြားများကို ပုဂံအထက ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဘရိတ်ကာလဲလှယ်တပ်ဆင်

အောင်ပန်း အောက်တိုဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ အောင်ပန်း 66/11KV 5MVA ဓာတ်အားခွဲရုံ၌ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက ဓာတ်အားဖြန့်ဖြူးမှုစနစ် ပိုမိုကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် 66 KV Gas Circuit Breaker (G.C.B) လဲလှယ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို အောင်ပန်းမြို့လျှပ်စစ်အင် ဂျင်နီယာဦးအောင်မြင်နှင့် ကလောဓာတ်အားခွဲရုံ၊ အောင်ပန်းဓာတ်အားခွဲ ရုံ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ ကျွမ်းကျင်ဝန်ထမ်းများက ကရိန်း ယာဉ်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ် ပိုမိုကောင်းမွန်စေရေး နှင့်လျှပ်စစ် အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ **(မြို့နယ် ပြန်/ဆက်)**

ဗန်းမောက်မြို့နယ်တွင် တရားမဝင်ရွှေတူးဖော်သူများ ဖမ်းဆီးရမိ

ကသာ အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင် ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် ရွှေတူးဖော်လုပ်ကိုင်သူ များအား ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။ ဖြစ်စဉ်မှာ အောက်တိုဘာ ၉ရက် နံနက် ၈ နာရီက ဗန်းမောက် မြို့နယ်ရဲမှူး ရဲမှူးခင်မောင်လွင် ဦးစီးသော အဖွဲ့သည် ကသာ ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲမှူးကြီးကျော် ထွဋ်၏ တရားမဝင် ရွှေတူးဖော်သူ များ ပပျောက်ရေး စီမံချက်အရ မံစီကြီး ရဲစခန်းမှူး ရဲအုပ်သိန်းလွင် အဖွဲ့နှင့် ပူးပေါင်းကာ သတင်းအရ သက်သေများနှင့်အတူ မင်းကုန်း အုပ်စု၊ နေချိုင်း ရွှေမှော်အတွင်း စီးနင်းဝင်ရောက်ရှာဖွေရာ ထွန်းထွန်း နိုင်ဆိုသူအား သက်သေခံ ပစ္စည်း များနှင့်အတူ တရားမဝင် ရွှေ တူးဖော်နေသည်ကို တွေ့ရှိရ၍ ဥပဒေအရအရေးယူဆောင်ရွက်ထား သောအမှုဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသော သက်သေခံ ပစ္စည်းများမှာ ဂျင်ဒေါင်း ၂၅ ကောင်၊ ဘောတွဲခြင်းပါ အင်ဂျင်စက်တစ်လုံး၊ ဂျင်ဒေါင်း ၂၅ ကောင်၊ ပို့စက်တစ် လုံး၊ လေးလက်မပိုက်ပျော့ တစ်ခွေ တို့ဖြစ်ကြောင်း သိရသည်။

အမှုစစ် မံစီကြီး ရဲစခန်းမှူး ရဲအုပ်သိန်းလွင်က ပြစ်မှုကျူးလွန်သူ ကိုဖမ်းဆီး၍ ချုပ်ရီ မန် တောင်းခံ ခြင်း၊ သက်သေခံပစ္စည်းများ သိမ်း ဆည်းခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်း၊ သက်သေခံများကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ထား ကြောင်း၊ တရားမဝင် ရွှေ တူးဖော် သူ ထွန်းထွန်းနိုင် (၃၄)နှစ် မော်လိုက်မြို့ နေသူကို ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

အလားတူ ဗန်းမောက်မြို့နယ် ရဲမှူး ရဲမှူးခင်မောင်လွင်ဦးစီး သောအဖွဲ့သည်သတင်းအရသက်သေ များနှင့်အတူ အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီ ၁၀မိနစ်က မင်းကုန်း အုပ်စုနေချိုင်းရွှေမှော်အတွင်း စီးနင်း ဝင်ရောက်ရှာဖွေရာ အိုက်ဦးဆိုသူကို သက်သေခံ ပစ္စည်းများနှင့်အတူ တရားမဝင် ရွှေတူးဖော်နေသည်ကို တွေ့ရှိရ၍ ဥပဒေအရအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဖမ်းဆီးရမိသော သက်သေခံ ပစ္စည်းများမှာ ဂျင်ဒေါင်း ၂၅ ကောင်၊ ဘောတွဲခြင်းပါ အင်ဂျင် စက်တစ်လုံး၊ ဂျင်ဒေါင်း ၂၅ ကောင် ပို့စက်တစ်လုံး၊ လေးလက်မ ပိုက်ပျော့ တစ်ခွေ၊ လေးလက် PVC ပိုက်ပြာ ၁၉ လက်မ လေးလုံး၊ ဝင့်ကြိုးပေ ၁၀၀ ခန့် တစ်ချောင်းတို့ဖြစ်ကြောင်း သိရသည်။

အထက်ပါအမှုကို အမှုစစ် ရဲအုပ်သိန်းလွင်က သက်သေများစစ် ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီး၍ ချုပ်ရီမန်တောင်းခံခြင်း၊ မှတ်တမ်း ဓာတ်ပုံရိုက်ကူးခြင်းနှင့် သက်သေခံ ပစ္စည်းသိမ်းဆည်းခြင်း တို့ကို ဆောင်ရွက်ထားကြောင်း၊ တရားမဝင်ရွှေ တူးဖော်လုပ်ကိုင်သူ အိုက်ဦး(၃၂နှစ်) ရွှေလုပ်ငန်း မံစီကြီးကျေးရွာ ဗန်းမောက်မြို့နယ် နေသူကို ဖမ်းဆီးအရေးယူထား ကြောင်း သိရသည်။

အလားတူ ရဲမှူးခင်မောင်လွင် ဦးစီးသောအဖွဲ့သည် အောက်တိုဘာ ၉ ရက်က မင်းကုန်းအုပ်စု နေချိုင်း ရွှေမှော်အတွင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက် ရှာဖွေရာ ဇော်ဝင်းဆိုသူကို သက်သေ ခံပစ္စည်းများနှင့်အတူ တရားမဝင် ရွှေတူးဖော်နေသည်ကို စစ်ဆေး တွေ့ရှိရ၍ ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဖမ်းဆီးရမိသော သက်သေခံ ပစ္စည်းများမှာ ဂျင်ဒေါင်း ၂၅ ကောင်၊ ဘောတွဲခြင်းပါ အင်ဂျင်စက်တစ်လုံး၊ ဂျင်ဒေါင်း ၂၅ ကောင် ပို့စက်တစ် လုံး၊ ပိုက်အဝါရောင် တစ်ပါကင်၊ လေးလက်မပိုက်အပြာရောင် နှစ်လုံး တို့ ဖြစ်ကြောင်း သိရသည်။

အထက်ပါ အမှုကို အမှုစစ် ရဲအုပ် သိန်းလွင်က သက်သေများ စစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီး၍ ချုပ်ရီမန်တောင်းခံခြင်း၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း နှင့် သက်သေခံပစ္စည်းသိမ်းဆည်း ခြင်းတို့ကို ဆောင်ရွက်ထားကြောင်း၊ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်သူ ဇော်ဝင်း (၄၃နှစ်) ဆီးကုန်းရွာ ပင်လည်ဘူးမြို့နယ်နေသူကို ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

မိတ္ထီလာကန်နှင့် မြို့နယ်အတွင်းရှိ ဆည်များအတွင်း ငါးမျိုးများ စိုက်ထည့်

မိတ္ထီလာ အောက်တိုဘာ ၁၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေး လက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မိတ္ထီ လာခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက မိတ္ထီလာ ကန်နှင့် မြို့နယ်အတွင်းရှိ ဆည်များ အတွင်းငါးမျိုးများ စိုက်ထည့်ခြင်း လုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြ သည်။ **(ယာပုံ)**

ထို့သို့ငါးမျိုးများစိုက်ထည့်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မိတ္ထီလာ ကန် ငါးမြစ်ချင်းသားပေါက် ၄၀၀၀၀ နှင့် ငါးခုံးမ သားပေါက် ၁၀၀၀၀၊ မုန်တိုင်ဆည် ငါးမြစ်ချင်းသားပေါက် ၄၀၀၀၀၊ ငါးခုံးမ ၁၀၀၀၊ ညောင် ကုန်းဆည် ငါးမြစ်ချင်းသားပေါက် ၄၀၀၀၀၊ ငါးခုံးမ ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၂ ဒသမ ၅ သိန်းကို ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်မင်းနောင်၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်သိန်းနှင့် မြို့မိမြို့ဖ များကစိုက်ထည့်ပေးကြကြောင်း သိရ သည်။ **ချမ်းသာ(မိတ္ထီလာ)**

မရမ်းကုန်းမြို့နယ်တွင် ကားဝိုင်ယာရှော့ဖြစ်ပြီးမီးလောင်

ရန်ကုန် အောက်တိုဘာ ၁၄

အောက်တိုဘာ၁၁ ရက် ညပိုင်း က မရမ်းကုန်းမြို့နယ်အတွင်း ကား ဝိုင်ယာရှော့ဖြစ်ကာမီးလောင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာအောက်တိုဘာ ၁၁ ရက် ည ၈ နာရီ ၁၅ မိနစ်က မရမ်းကုန်းမြို့နယ် ပြည်လမ်း စိုက်ပျိုး ရေးဝင်းထိပ်၌ အောင်ခင်ဆင့် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာ သော ၃က/---- စူပါရှဗင်အဖြူ ရောင်ယာဉ်မှာ ဘက်ထရီခေါင်းလွတ် ပြီး ဝိုင်ယာရှော့ဖြစ်ကာ မီးလောင် ကျွမ်းခဲ့ရာ မီးသတ်ယာဉ်နှစ်စီး ရောက်ရှိငြိမ်းသတ်၍ မီးငြိမ်းသွားခဲ့ ကြောင်း သိရသည်။ ယာဉ်မောင်း အောင်ခင်ဆင့်ကို မရမ်းကုန်း ရဲစခန်းက အမှုဖွင့်အရေးယူဆောင် ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ကျန်းမာရေးဦးစီးဌာန
ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လားရှိုးမြို့၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော FDA အသိ အမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့် တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

စတင်ရောင်းချမည့်ရက် - ၂၁-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၁၁-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ် ကို နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊
ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့
ဖုန်း-၀၈၂-၃၀၃၇၁၊ ၀၈၂-၂၂၉၄၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စမ်းမြို့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့တွင်နေထိုင်သူ ဦးထန်းဒိုင်လိုဝါ(ခ) ဦးသိန်းဖေ ၅/ကလထ(နိုင်)၀၂၃၁၄၂၏သား မောင်ထန်းရှင်းမွေအာ ၅/ကလထ(နိုင်) ၀၁၁၄၃၃သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုစိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူမည်မဟုတ်ပါ။

ဦးထန်းဒိုင်လိုဝါ(ခ)ဦးသိန်းဖေ
ကလေးမြို့

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Steam Sterilizer	1 No
(ခ)	Sartocon 2 PESU 30 KD Ultrafiltration Cassette	10 Nos
(ဂ)	Integrity Tester with Colour Touch Screen Display and Keypad	1 No
(ဃ)	Vessel (Mounted on load cells for Weight measurement)	1 No
(င)	SDS-PAGE Machine with Standard Molecular Weight Marker	1 Lot
(စ)	Ultrasound for Horse	1 Lot
(ဆ)	Filter (HEPA Filter, Medium Filter, Prefilter, Carbon Filter, F 332 Filter)	1 Lot
(ဇ)	Auto-Tap Changer Transformer	1 Lot

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ ရက်

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်၊ ဖော်ပြပါစက်ပစ္စည်း၏ (Technical Specification)အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာန တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊
Fax No. ၀၆၇-၄၀၈၁၉၅

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)ရှိ
ပလတ်စတစ်ကုန်ကြမ်းများနှင့် ကုန်ချောများရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့် ပစ္စည်းအမည် - ပလတ်စတစ်ကုန်ကြမ်းများနှင့်ကုန်ချောများ

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ရက် ၁၆:၀၀နာရီ

ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ၀၆၇-၄၀၈၃၇၇

ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) ၀၆၇-၄၀၈၃၈၁

လေလံတင်ဒါကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပင်မအလုပ်ရုံ (တောင်) ရွာမ-အင်းစိန်တွင် အသုံးမပြုနိုင်သော သံတိုသံစဟောင်း တန် ၂၀ ခန့်ကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

တင်ဒါပုံစံရောင်းမည့်ရက် - ၁၇-၁၀-၂၀၁၃ ရက်မှ ၂၉-၁၀-၂၀၁၃ ရက်အထိ

တင်ဒါလက်ခံစိစစ်မည့်ရက်/အချိန် - ၃၀-၁၀-၂၀၁၃ ရက် နံနက် ၉ နာရီ

တင်ဒါပုံစံရောင်းချမည့်နေရာ - ပင်မအလုပ်ရုံ (တောင်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းကြီးလမ်း၊ရွာမအရှေ့၊ အင်းစိန်မြို့နယ်။

ဆက်သွယ်ရန်ဖုန်း - ၀၁-၆၄၀၁၂၃

လေလံတင်ရောင်းချရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

ပြည်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများ ပညာသင်ထောက်ပံ့

ပြည် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟိုဌာနချုပ်)မှ ပြည်မြို့နယ်စစ်မှုထမ်းဟောင်းများ၏ သားသမီးများ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ၆ရက်က ပြည်မြို့နယ် ခေတ္တရာမြို့သစ်၅လမ်း စစ်မှုထမ်းဟောင်းရုံးခန်းမ၌ကျင်းပရာ နာယကဒုတိယဗိုလ်မှူးကြီး ကျော်ညွန့်(ငြိမ်း)က တစ်ဘာသာဂုဏ်ထူးရ နှစ်ဦးကို ထောက်ပံ့ကြေး ငွေကျပ် ၄၅၀၀၀ နှင့် အဖွဲ့၏အမှတ်တရ ဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်သိန်း (ငြိမ်း)က အထက်တန်းအဆင့် တစ်ဦးငွေကျပ်၂၀၀၀၀နှုန်း၊ အလယ်တန်းအဆင့် ငွေကျပ် ၁၅၀၀၀ နှုန်းနှင့်မူလတန်းအဆင့်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၁၂၅ဦးအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၀၅)

နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ ကျောက်တန်းမြို့၌ ကျင်းပမည်

ကျောက်တန်း အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ (၉၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲကို စည်ကားစွာ ကျင်းပမည်ဖြစ်ရာသီတင်းကျွတ်လဆန်း ၁၀ ရက်မှစ၍ ရပ်ကွက်များအတွင်းရှိ ယာယီစံကျောင်း မဏ္ဍပ်များသို့ ပင့်ဆောင်အပူဇော်ခံထားရှိမည်ဖြစ်ပြီး အကြိုမမ္မပူဇာသဘင်ကို ဗဟိုမဏ္ဍပ်၌ သီတင်းကျွတ်လဆန်း ၁၁ရက်မှ ၁၅ ရက်အထိ လေးညတိုင် ကျင်းပသွားမည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက် ညနေ ၃ နာရီတွင် ဒေသစာရီလှည့်လည်ပူဇော်ပွဲ အခမ်းအနားကို အနောက်ပိုင်းရပ်ကွက် ပရိယတ္တိကျောင်းတိုက်ရှေ့ရှိ မုခ်ဦး၌ ကျင်းပပြီး မြို့ပေါ်ရပ်ကွက်သို့ ညလုံးပေါက် လှည့်လည်အပူဇော်ခံကြွရောက်မည်ဖြစ်ကြောင်း သိရသည်။

ကိုရင်သြ(မော်ဝန်း)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလားကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နောင်ချို အောက်တိုဘာ ၁၄

နောင်ချိုမြို့နယ် အုပ်ချုပ်ရေးဖလားကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီခွဲက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ခရောင်းလူငယ် ကလပ်အသင်းနှင့် ဖက်ဖူးရောင်- ၂ ဘူတာရပ်ကွက် လူငယ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖက်ဖူးရောင်-၂ ဘူတာရပ်ကွက် လူငယ်ကလပ်အသင်းက သုံး ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်က ပထမဆု ဆုဖလားနှင့် ငွေသားကိုလည်းကောင်း၊ ဒုတိယဆု ငွေသားများကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းဦးနှင့် မြို့နယ်ဌာနဆိုင်ရာ ဦးစီးမှူးတို့က ဆုများအသီးသီးချီးမြှင့်ကြကြောင်း သိရသည်။

(၀၆၁)

အောက်တိုဘာ ၉ ရက်က မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသည့် ဉာဏ်ဝေယံမိသားစုက မီးငြိမ်းသတ်ယာဉ်ပေးအပ်လှူဒါန်းပွဲတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်နှင့်တက်ရောက်လာသူများ မီးသတ်ယာဉ်ကို ကြည့်ရှုကြစဉ်။ သက်ဦး(သထုံ)

တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေးဆောင်ရွက်

ပုဏ္ဏားကျွန်း အောက်တိုဘာ ၁၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ယိုးတရုပ်ကျေးရွာသို့ ပုဏ္ဏားကျွန်းမြို့နယ်ပညာရေးမှူး ဦးမောင်ကျော်လှ၊ ဒုတိယမြို့နယ် ပညာရေးမှူးများဖြစ်ကြသော ဦးထွန်းမောင်သာ၊ ဦးအောင်ဝင်းနိုင်၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ ဖြစ်သော ဦးမောင်အောင်စိန်၊ ဦးထွန်းအေးကျော်နှင့် ဦးကျော်တင်တို့အဖွဲ့သည် စက်တင်ဘာ၂၃ရက် နံနက် ၈ နာရီက ရောက်ရှိလာကြပြီး တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးနှင့် ပညာရည်မြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အထကရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် "ဆရာသည်သာ အခရာ"ဖြစ်သည်နှင့်အညီ သင်ရိုးမာတိကာနှင့် ကိုက်ညီအောင် လစဉ်အပတ်စဉ် နေ့စဉ်ခွဲဝေမှုအတိုင်း သင်ကြားပေးကြရန်နှင့် လိုအပ်ပါက အချိန်ပိုခေါ်ယူပြီး သင်ကြားရန်လိုကြောင်း၊အထကယိုးတရုပ်၏ တက္ကသိုလ်ဝင်တန်းအောင်ချက်သည် ၁၉၉၅ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းကျော် မြင့်မားခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် ၁၄ ဒသမ ၁၂ ရာခိုင်နှုန်းသို့ ကျရောက်ခဲ့သည်ကို တွေ့ရသဖြင့် အောင်ချက်မြင့်မားရေးကို အစွမ်းကုန်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း သိရသည်။

လေးဝတီ(ရခိုင်ပြည်နယ်)

ရန်ကုန် – ပုဂံရထား သာယာဝတီဘူတာမှာရပ်ပြီ

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်-ပုဂံရထားသည် စတင်ပြေးဆွဲစဉ်က ရန်ကုန်-လက်ပံတန်း-ပုဂံဘူတာများတွင်သာ အသွားအပြန်ရပ်သည်။ ယင်းနောက် ရန်ကုန်၊ လက်ပံတန်း၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ ပေါင်းတည် ဘူတာများတွင် ရပ်တန့်ပေးခဲ့ကာ ယခုအခါ အောက်တိုဘာ ၁၂ ရက်က သာယာဝတီဘူတာတွင် ရပ်တန့်ပေးသည့်အတွက် ရထားစီးပြည်သူများ အဆင်ပြေလျက်ရှိသည်။

သို့ပါ၍ ရထားကိုသာအားထားနေရသော၊ ရထားလမ်းသာရှိသော၊ ရထားကိုသာ အမှန်တကယ်စီးကြသည့်သဲကုန်းဘူတာသို့လည်း ရန်ကုန်-ပုဂံရထား ရပ်တန့်ပေးစေလိုကြောင်း ပြည်သူများက မျှော်လင့်တောင့်တနေကြောင်း သိရသည်။

မောင်မောင်သန်း (ကော့မှူး)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

နေပြည်တော်ကောင်စီနယ်မြေရှိ ဆေးရုံများသို့

တစ်ခါသုံးမွေးအိတ်များလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေသီရိငါးမြို့နယ်မှ ဆေးရုံများအတွက် တစ်ခါသုံးမွေးအိတ်များ လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ ရုံးခန်း၌ ကျင်းပခဲ့သည်။

တစ်ခါသုံးမွေးအိတ် ၅၀၀ ကို နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ခုတင်၅၀ဆံ့ဆေးရုံများဖြစ်သော ပုဗ္ဗသီရိမြို့နယ်ဆေးရုံ၊ ဥတ္တရသီရိမြို့နယ်ဆေးရုံ၊ ဇမ္ဗူသီရိမြို့နယ်ဆေးရုံ၊ ဇေယျာသီရိမြို့နယ်ဆေးရုံနှင့် ဒက္ခိဏသီရိမြို့နယ်ဆေးရုံများအတွက် လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းသို့ သွားရောက်၍ တစ်ခါသုံးမွေးအိတ် ၁၀၀ လှူဒါန်းခဲ့ပြီး သားဖွားခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သထုံမြို့နယ်အတွင်း အထူးကုဆရာဝန်ကြီးများ အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေး

သထုံ အောက်တိုဘာ ၁၄

ပြည်သူများကျန်းမာပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုအဖြစ် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် သထုံခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွန့်ဦးဆောင်သောအထူးကုဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများက သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ အထက(ကျိုက္ကော်) ရွှေရတုခန်းမ၌ ဒေသခံပြည်သူများကို အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခဲ့ပြီး အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့် ပြည်သူများအား ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် ခရိုင်မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးတို့က ဆေးပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းကာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသူများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး သထုံမြို့နယ်အတွင်းရှိ အရိုးအကြော၊ သားဖွားမီးယပ်၊ သွားနှင့်ခံတွင်း၊ ၎က်ဖျား၊ အရေပြားအစရှိသည့် အထွေထွေရောဂါဝေဒနာရှင် ၁၄၀၈ ဦးတို့ကို စစ်ဆေးခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သံလွင်တံတား (ဖားဆောင်း)အတွက် ပြည်ပနိုင်ငံထုတ် တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၁၀-၂၀၁၃ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၃ ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၅-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ
၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ၁၇-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊
ရုံးအမှတ်(၁၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၅၁၄၊ ၄၀၇၂၇၆၊ ၄၀၇၀၈၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၆ လမ်း၊ အပိုင်း(၃)၊ တိုက်အမှတ် ၃၄၆၊ အကျယ်(၁၁½'×၅၀')ရှိ နှစ်ခန်းတွဲ (၃½) RC တိုက်၏ မြေညီထပ်(ခြေရင်းခန်း)အား ကန်ထရိုက်တာဦးရဲလင်းထွန်း ၁၂/လကန(နိုင်)၁၈၇၆၅၃မှ ၂-၆-၂၀၁၃ ရက်စွဲပါ မြေရှင်နှင့်ကန်ထရိုက်တာတို့ သုံးထပ်ခွဲတိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်အရ မိမိတရားဝင်ပိုင်ဆိုင်ခွင့်ရရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ ထုတ်လုပ်ရေးလုပ်ငန်းနှစ်ခုအား ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ မောက်သရက်ဒေသ၊ မြေဖြူထုတ်လုပ်မှုလုပ်ငန်း
(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ကျေးကုန်းဒေသ၊ ဒိုလိုမိုက်ထုတ်လုပ်ရေးလုပ်ငန်း
၂။ တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၃၁-၁၀-၂၀၁၃ရက် ၁၆:၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံနှင့် စည်းကမ်းများဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း အသေးစိတ်အချက်အလက်များ စုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ ထုတ်လုပ်ရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၁၆၊ ၀၆၇-၄၀၉၁၆၂ နှင့် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ ဦးပိုင်အမှတ် ၁၀၆ᵃ၊ ဧရိယာ ၀ဒသမ ၀၅၁၈ဧကရှိ ဦးမြင့်သိန်း၊ ဒေါ်ရီ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးကျော်တင့် ၉/ပမန(နိုင်)၀၀၈၀၇၃ (ဘ) ဦးတင်ဝင်းမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၏
၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာနှစ် ခွင့်ပြုငွေပါ
မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအဆောက်အအုံအား
WHO GMP နှင့်အညီ တည်ဆောက်ခြင်းလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေပါ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအဆောက်အအုံအား WHO GMP နှင့်အညီ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဆေးဝါးစက်ရုံတည်ဆောက်ရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)၊ (ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)၊ ညနေ ၄း၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော်ထွန်း Passport No. MA-၂၃၈၅၉၇ ကိုင်ဆောင်ထားသူသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၇၆၄၁၂**

ပြည်မြို့ ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့်ယဉ်ကျေးမှုပြတိုက် ကမ္ဘာလှည့်ခရီးသည်များလာရောက်လေ့လာ

ပြည် အောက်တိုဘာ ၁၄

ကမ္ဘာလှည့်ခရီးသည်များ ပြည်မြို့သို့လာရောက်သည့်အခါတိုင်း ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့်အတူ ပူးတွဲဖွင့်လှစ်ကာ သရေခေတ္တရာ၏ ယဉ်ကျေးမှုလက်ရာများကအစ စုဆောင်းရှာဖွေရရှိသမျှသော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများပြသထားသည့် ယဉ်ကျေးမှုပြတိုက်ကို လာရောက်လေ့လာကြသည်။

ယနေ့အထိရှာဖွေပြသထိန်းသိမ်းထားသော ပစ္စည်းများမှာ ခေတ်အားဖြင့် အစောဆုံးပစ္စည်းများတွင် သရေခေတ္တရာခေတ်ဆိုင်ရာ ကြေးသွန်းဘုရားများ၊ ကျောက်ရုပ်တုများ၊ ပျူစာပါအုတ်ချပ်များ၊ ပျူအမျိုးသမီးဦးခေါင်းရုပ်ကြွင်းများ၊ အုတ်ခွက်ဘုရားများ၊ ဆင်စွယ်ကမ္ဗဝါ၊ စာပလွေ၊ စာချွန်တော်၊ မြေဆေးတံပုံစံအမျိုးမျိုးစသည်ဖြင့် ကြည့်ရှုလေ့လာဖွယ်ရာများ များလှသည်။ ရှေးဟောင်းပစ္စည်းအမျိုးအစားပေါင်း ၄၉၉ မျိုးရှိသည်ဟု သိရသည်။

မောင်ရွှေဝင်း(ပြည်)

ဆီးဂိမ်းပွဲတော်ကြိုဆို (၁၀၆)ကြိမ် သွေးလှူဒါန်း

တပ်ကုန်း အောက်တိုဘာ ၁၄

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုဦးစီးအဖွဲ့ဝင် တပ်ကုန်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)သည် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် အောက်တိုဘာ ၁၀ ရက်က

(၁၀၆)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျွန်းလှမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကျွန်းလှ အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်တွင် အောက်တိုဘာ ၁၀ ရက် ည၉နာရီက မူးယစ်ဆေးဝါးဟုယူဆရသော အဖြူရောင်အမှုန့်များဖမ်းဆီးရမိကြောင်း သိရသည်။ဖြစ်စဉ်မှာကျွန်းလှမြို့မရဲစခန်းမှူး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးလွင်အောင်နှင့်အဖွဲ့သည် သတင်းအရ သစ်ရာမြိုင်ရပ်ကွက်နေ အောင်မျိုး၏နေအိမ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖမ်းဆီးရေး ဖမ်းဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း၌ အစိမ်းရောင်ပလတ်စတစ် ကော်ပိုက်ပျော့ ၁၉ ခုအတွင်း ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ၀ ဒသမ ၃၈ ဂရမ်ခန့်နှင့်ငွေကျပ် ၅၀၀၀၀ တို့ကို ဖမ်းဆီးရမိသဖြင့် အောင်မျိုးကို မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွှေရင်အေးစပါး မျိုးကွဲနုတ်ပယ်ဖယ်ရှားခြင်း လက်တွေ့သရုပ်ပြ

ကလော အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု ကွင်းအမှတ်(၂၁၅) ရွှေရင်အေးမျိုးသန့်စံပြရွာဇေ ၅၀ ရှိ တောင်သူဦးနေစိုး၏ လယ်မြေအတွင်း၌ ကလောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှလှညွှန့်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများသည် အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီက စပါးမျိုးကွဲနုတ်ပယ်ဖယ်ရှားခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်း၊ ပေါင်းနုတ်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းမပြုမီ ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှလှညွှန့်က စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများကို ပေါင်းမြက်နုတ်ခြင်း၊ မျိုးကွဲနုတ်ပယ်ဖယ်ရှားခြင်း၊ ရေသွင်း/ ရေထုတ်စနစ်တကျပြုလုပ်ခြင်း၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများအချိုးကျ အချိန်ကိုက် သုံးစွဲခြင်း၊ သိပ္ပံနည်းကျ(၁၄)ချက် နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် စပါးမျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်အပြင် အထွက်နှုန်းတိုးစေ၍ ဒေသဝမ်းစာ ဖူလုံနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မျိုးကွဲနုတ်ပယ်ဖယ်ရှားခြင်းနှင့်ပေါင်းနုတ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဝန်ထမ်းနှင့် တောင်သူများ ပူးပေါင်း၍လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရွှေကူ အောက်တိုဘာ ၁၄

ရွှေကူမြို့နယ် အုပ်ချုပ်ရေးမှူး လ/ထ ညွှန်ကြားရေးမှူး ဦးညီညီနှင့် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမောင် ဦးစီးပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက်က တရားမဝင်သစ်ခိုးထုတ်မှုမရှိစေရေး ရွှေကူ-ဗန်းမော် မဟာဗျူဟာလမ်းအတိုင်း သတင်းလိုက်လံ စုံစမ်းရာမှ မိုင်တိုင်အမှတ်(၁၄၃/၁)ဒေသအခေါ်ကချင်သေဝါးခုတ်စခန်းတွင် ရွှေကူရဲစခန်းအမှုမှ ကွင်းဆက် ထွက်ပြေးတိမ်းရှောင်နေသူ အုန်းမြင့်က ကန်ဘို-၁၂၅ ဆိုင်ကယ်စီးနင်းလာသည်ကို တွေ့ရသဖြင့် သက်သေများနှင့် အတူ ဖမ်းဆီးစစ်ဆေးရှာဖွေရာ အုန်းမြင့်ဝတ်ဆင်ထားသော အနက်ရောင်အပေါ်အင်္ကျီ ယာဘက်အောက်အိတ်ကပ်အတွင်းမှ WY စာတန်းပါ အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၃ ပြား၊ ၉ ဒသမ ၃ ဂရမ်ခန့်နှင့် ဘိန်းစိမ်း ၁၆ ဒသမ၃၃ဂရမ်ခန့်တို့ကို အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ အုန်းမြင့် (၃၉နှစ်) ငါးဘတ်ကြီးကျေးရွာ ရွှေကူမြို့နယ်နေသူအား ဥပဒေအရ အရေးယူပေးရန် ပူးပေါင်းအဖွဲ့တွင် ပါဝင်သော ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်မြင့်နိုင်ကတရားလိုပြုလုပ်တိုင်တန်းခဲ့ရာရွှေကူမြို့မရဲစခန်းကအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းနှင့် ၄င်းအား ရွှေကူရဲစခန်းအမှုမှ ထွက်ပြေးတိမ်းရှောင်အမှုနှင့်ပါ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

ထီးလင်းမြို့နယ်၌ လယ်ယာမြေ လုပ်ကိုင်ခွင့် လက်မှတ်ထုတ်ပေး

ထီးလင်း အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို ၂၀၁၃ ခုနှစ်အတွင်း ၄၄၀၅၁ ဦးအနက် ၄၃၃၂၆ ဦးထံ ပုံစံ(၇)လက်မှတ်များ ထုတ်ပေးပြီးဖြစ်သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပေးအပ်ခြင်းဖြင့် လယ်သမားများ ပိုင်ဆိုင်ခွင့်ရှိလာကာ ချေးငွေရရှိရေးအပါအဝင် ငွေကြေးအရင်းအနှီးခံစားနိုင်သည့် အခွင့်အရေးများ ရရှိနိုင်သည်။ ကျန် ၇၂၅ ဦးအတွက် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော့မောင်နှင့် ရုံးဝန်ထမ်းများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၁၀၁)

တရားမဝင် ပိုင်ရှင်မဲ့သစ်များ ဖမ်းဆီးရမိ

ရွှေကူ အောက်တိုဘာ ၁၄

ရွှေကူမြို့နယ် အုပ်ချုပ်ရေးမှူး လ/ထညွှန်ကြားရေးမှူး ဦးညီညီနှင့် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်ဦးစီး ပူးပေါင်းအဖွဲ့သည်

အောက်တိုဘာ ၁၀ ရက်က တရားမဝင် သစ်ခိုးထုတ်မှုမရှိစေရေး ရွှေကူ-ဗန်းမော် မဟာဗျူဟာလမ်းအတိုင်း သတင်းလိုက်လံစုံစမ်းရာမှ မိုင်တိုင်အမှတ်(၁၄၃/၁)ဒေသအခေါ်ကချင်သေဝါးခုတ်စခန်း လမ်းဝအရောက်တွင် လမ်းဘေး ဝဲ/ယာ၌ သစ်ခက်၊ ဝါးခက်များဖြင့် ဖုံးအုပ် ဝှက်သိမ်းထားသော တမလန်းသစ်ခွဲသားဆိုက်စုံအချောင်း၁၀၀နှင့် အချင်း ခြောက်လက်မ၊ အရှည် လေးပေရှိ တမလန်းတိုင် ၁၂၇ လုံး စုစုပေါင်း ၆ ဒသမ ၂၅၉၆ တန်ခန့် ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိသဖြင့် ရွှေကူမြို့နယ်သစ်တောဦးစီးဌာနသို့လွှဲပြောင်းအပ်နှံခဲ့ကြောင်းနှင့်ရွှေကူမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် ဘိလပ်မြေစက်ရုံတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၈-၁၀-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၀း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်တို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လမ်းတံတားလုပ်ငန်း၊ အဆောက်အအုံများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **နမ့်ဆန်မြို့နယ်**	မြေလမ်း ၂၈ မိုင်	၁ လမ်း
	မြေလမ်း ၁၀ မိုင်	၁ လမ်း
	ကျောက်လမ်း ၂၀ မိုင်	၁ လမ်း
	ကတ္တရာလမ်း ၁၀ မိုင်	၁ လမ်း
	ပေ (၃၀×၂၀)အုတ်ညှပ်တစ်ထပ်	၃ လုံး
	ပေ (၁၀×၁၀) အုတ်ညှပ်တစ်ထပ်	၃ လုံး
	ပေ (၄၀×၂၅) အုတ်ညှပ်တစ်ထပ်	၃ လုံး
	ပေ (၂၀၀×၂၀၀) ဝင်းခြံကာရံခြင်း	၃ ခု
(ခ) **မန်တုံမြို့နယ်**	မြေလမ်း ၁၂ မိုင်	၁ လမ်း
	ကွန်ကရစ်တံတား	၇၅ စင်း

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၀-၂၀၁၃ရက် ညနေ ၃နာရီ

၃။ **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်နှင့်အချိန်** - ၂၃-၁၀-၂၀၁၃ရက် နံနက် ၀၉း၀၀နာရီ

၄။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၊ နမ့်ဆန်မြို့

၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၊ နမ့်ဆန်မြို့တွင် ၁၀-၁၀-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး
ဖုန်း-၀၈၂-၈၉၁၀၀၊ ၀၈၂-၈၉၂၀၀
တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

SH "ရှုထောင့်"ပီဒီယာအဖွဲ့၏
(၂၀၁၃)ဓိတ်ဆုံစားပွဲနှင့်ဆုပေးပွဲ
ကျင်းပမည့်နေ့ရက် (၅-၁၁-၂၀၁၃)၊ အင်္ဂါနေ့၊ ညနေ (၅)နာရီ၊ ကျင်းပမည့်နေရာ- ပြည်မြို့ မြို့တော်ခန်းမ (မူလာဝင်ခန်းမ)၊ ညစာစားပွဲလက်မှတ် ဝယ်ယူ၍ တက်ရောက် အားပေးနိုင်ပါသည်။ အသေးစိတ်အစီအစဉ်ကို "ရှုထောင့်"မှခင်းနှင့်သတင်းဂျာနယ်တွင်ဖတ်ကြည့်ပါ။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊မြေကွက်အမှတ် ၈၉၆/ခ၊ မြေကွက်တည်နေရာအမှတ် ၈၉၆/ခ၊ ၂၄ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှကြည် ကွယ်လွန်သဖြင့် ဦးမြင့်လွင် ၁၂/ဥကတ(နိုင်) ၀၈၁၉၁၃ က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့်ကြော်ငြာ

သတင်းအရခေါ်ယူစစ်ဆေးရာမှ ခိုးမှုခုနစ်မှုပေါ်ပေါက်

မန္တလေး အောက်တိုဘာ ၁၄

ကိုကို(ခ) ဟုတ်ချင်းပေါင် (၂၀ နှစ်) စကြာနွယ်စဉ်ရပ်ကွက် မဟာအောင်မြေမြို့နယ်နှင့် တစ်ရပ်ကွက်တည်းနေ ဖြိုးကိုကို(ခ)မွန်းနား (၁၈နှစ်) တို့သည် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းအရ အမှတ်(၁၁) နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ပင်လုံထွန်းနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီက ခေါ်ယူစစ်ဆေးရာ အောက်ပါအတိုင်း ခိုးမှုခုနစ်မှု စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စက်တင်ဘာ ၂၅ ရက် နံနက် ၄ နာရီက မဟာအောင်မြေမြို့နယ် ၃၆×၃၇ လမ်းကြား၊ ၇၂ လမ်းရှိ ဟိုပင် အမျိုးသမီးဆောင်အတွင်းမှ Huawei အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောက်တိုဘာ ၉ ရက် ည ၈ နာရီခွဲတွင် မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

လွန်ခဲ့သော တစ်ပတ်ခန့်က မဟာအောင်မြေမြို့နယ် ၄၀×၄၁ လမ်းကြား၊ လမ်း ၇၀ ရှိ ငြိမ်းသီတာ အမျိုးသမီးဆောင်အတွင်းမှ Huawei အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့်အောက်တိုဘာ ၉ ရက် ည ၈ နာရီ ၃၅ မိနစ်တွင် မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

လွန်ခဲ့သောသုံးရက်ခန့် နံနက် ၃ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ၇၂× ၇၃ လမ်းကြား၊ ၃၇ လမ်းရှိ ငွေဇင်ယော် အဆောင်အတွင်းမှ Nokia အမျိုးအစား အနီရောင်လက်ကိုင်ဖုန်းကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောက်တိုဘာ ၉ ရက် ည ၈ နာရီ မိနစ် ၄၀တွင် မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

